စိတ်ကူးချိုချိုအနုပညာ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း

# လယ်တီဦးကောဝိဒ

ပုပ္ပားဦးကျော်ရင် စီစဥ်သည်။



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

ရွှေကိုင်းသား၊

ပုပ္ပားဦးကျော်ရင်၊

ဒဂုန်ဦးလှဘော၊

မြကေတု၊

ဒဂုန်ဦးထွန်းမြင့်၊

ဒဂုန်တာရာ၊

ဒဂုန်ဦးချင်းစိန်၊

မဘဃ၊

လူထုဦးလှ၊

ပါရဂူ၊

ဒဂုန်ဦးစန်းငွေ၊

မောင်ကြည်ရှင်၊

ပါဠိဘာဏက၊

မြင့်ဆွေ၊

မောင်သော်၊

ခင်မြင့် (မန်းတက္ကသိုလ်) ......

**စသူတို့၏**

# လယ်တီဦးကောဝိဒ

လူထုကြီးပွားရေးစာအုပ်တိုက်မှ ထုတ်ဝေခဲ့သော

# လယ်တီဦးကောဝိဒ

ယခုစာအုပ်အပါအဝင် မြန်မာဂန္ထဝင်စာပေပညာရှင်ကြီး ၉ ဦး၏ စာပေဂုဏ် ပညာသမာဂုဏ်ကို စုစည်းထားခဲ့ကြသော စာ ၉ အုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက်မှ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းအတွက် ပြန်လည်စီစဉ် ထုတ်ဝေပေးခြင်းဖြစ်ပါသည်။

kls0103

1,500.00 KS

mgyoe.com

mgyoe.com

လယ်တီဦးကောဝိဒ
မျက်နှာဖုံးပန်းချီ - ကျော်ပြုံးစံ၊
စာမျက်နှာ ၁၀၄ + မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၁ လူထုကြီးပွားရေးစာအုပ်တိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လယ်တီဦးကောဝိဒ

စီစဉ်သူ – ပုပ္ပားဦးကျော်ရင်

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| - | နိဒါန်း | | (က) |
| ၁။ | ပထမကျော် လယ်တီ ဦးကောဝိဒ | | ၃ |
| ၂။ | လယ်တီ ဦးကောဝိဒသာမိ၏ သီဟိုဠ်ရှင်သမိုင်းကျမ်းအပေါ် ကျွန်ုပ်၏အမြင် | ရွှေကိုင်းသား | ၁၃ |
| ၃။ | လယ်တီအမွေ | ဒဂုန် ဦးလှဘေ | ၁၈ |
| ၄။ | အမြင်သန်သော ကဝိ၏မျက်လုံး | မြကေတု | ၂၅ |
| ၅။ | လယ်တီပဏ္ဍိတနှင့် ပုပ္ပားဦးကျော်ရင် | မောင်ကြည်ရှင် | ၃၁ |
| ၆။ | ဒဂုန်ဦးကောဝိဒ၏ စိတ်ကူးရုပ်ပုံလွှာ | ဒဂုန်တာရာ | ၃၉ |
| ၇။ | စကားတစ်ခွန်းနှင့် စာတစ်စောင် | ဒဂုန် ဦးထွန်းမြင့် | ၄၂ |
| ၈။ | ဗိုလ်ကော | ဒဂုန် ဦးချင်းစိန် | ၄၇ |
| ၉။ | သတိရတိုင်း လေးစားတမ်းတရမည့် ပုဂ္ဂိုလ်ကျော် | မာဃ | ၅၃ |
| ၁၀။ | လယ်တီနှင့် ဘာရတီ | ပါရဂူ | ၅၇ |
| ၁၁။ | ကျော်နှစ်ကျော် ရင်နှစ်ရင်တို့၏ ရင့်နှင့်ပွယ်ရာ ဖြစ်ရပ်များ | ဒဂုန် ဦးစန်းငွေ | ၆၁ |
| ၁၂။ | စာပေ့သခင် | ပါဠိဘာဏက | ၇၉ |
| ၁၃။ | စာအုပ်မဖြစ်သေးသော လယ်တီဦးကောဝိဒစာပေများ | မြင့်ဆွေ | ၈၇ |
| ၁၄။ | စာပေပညာရှင် ကျောက်စာဂူ | လူထုဦးလှ | ၉၂ |
| ၁၅။ | ဦးကောဝိဒ၏ ဘုန်းကြီးကျောင်းသား | မောင်သော် | ၉၇ |
| ၁၆။ | အဖ လယ်တီဦးကောဝိဒသာရှိလျှင် | ခင်မြင့်(မန်းတက္ကသိုလ်) | ၁၀၂ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



အကယ်၍သာ ကျွန်တော်တို့ဆရာ (လယ်တီဦးကောဝိဒ) အသက်ရှင်၍ နေပါလျှင် 'သည်စာအုပ်' ထွက်ပေါ်မလာနိုင်သေးပါ။

ယခုမူ...

အသေဆိုးဖြင့် ကွယ်လွန်ဆုံးရှုံးရရှာသော ဆရာ၏ ကျေးဇူးဂုဏ်တို့ကို ဖော်ထုတ်ရန် သမိုင်းပေးတာဝန်အရ ကျေပွန်အောင်ဆောင်ရွက်လိုက်ခြင်းသာ ဖြစ်ပါသည်။

လောကတွင် လူ့ခန္ဓာကိုယ်သည် "ရေပွက်ပမာ တစ်သက်လျာ" ဆိုသည့်အတိုင်း ခဏမျှနှင့် ပျောက်ကွယ်ဆုံးရှုံးတတ်၍ လူ့ခန္ဓာကိုယ်၌ တည်ရှိသော ကျေးဇူးဂုဏ်တို့မှာ "ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေ" အမြဲပင် တည်နေတတ်ပါသည်။

လူ့ဘဝသည် ခဏကလေးမျှနှင့် ပျောက်ကွယ်တတ်သည်ကား မှန်ပါ၏။ လူ့အဖိုးကန် အာဇာနည်ပုဂ္ဂိုလ်ကျော်တို့၏ ခဏမျှနေရသော ဘဝအတွင်း သူ၏ လုပ်ဆောင်ခဲ့သော လောကအကျိုးပြုချက်တို့က ဘဝများစွာ ပျောက်ကွယ်တိမ်ကောခြင်းမရှိဘဲ လုပ်ဆောင်လာသော လူ့ဘဝ အကျိုးပြုချက် ဂုဏ်ရည်များ ထင်ရှားစွာ တည်တံ့နေကြောင်း နီတိဆရာတို့က ဆိုမိန့်ထားပါသည်။

ဘုန်းပညာ စာပေရှင် အာဇာနည်ပုဂ္ဂိုလ်ကျော်တို့သည် လုပ်ဆောင်ခဲ့သော အကျိုးပြုချက်များကို လူ့လောကကြီးအား နှစ်သိမ့်ကျေနပ်မှုများစွာဖြစ်ပေါ်နိုင်ကြောင်းကိုလည်း ကျမ်းဂန်တို့၌ အဆိုရှိပါသည်။

mgyoe.com

mgyoe.com
ရတောင့်ရခဲလှသော လူ့ဘဝကို အစောဆုံး ကျောခိုင်းသွားရ ရှာသော ကျွန်တော်တို့ ဆရာ၏ ကျေးဇူးဂုဏ်များကို ဇာတိချက်ကြွေ မွေးရပ်နယ်မြေတွင် ကျောက်တိုက်ဆောက်၍ ကမ္ပည်းကျောက်စာရေး ထိုး သမိုင်းတင်၍ ကျေးဇူးတုံ့ဆပ်ခဲ့ကြပါသည်။

လောကီ လောကကုတ္တရာ ပညာတော်သိုက် နှိုက်တိုင်းရ၍ ဘက်စုံ (စွယ်စုံ) ပညာရှင်ဖြစ်သော ကျွန်တော်တို့ဆရာသည်...

"ဆင်အာဇာနည်သည် စစ်တိုက်ရင်း သေရ၏၊ မြင်းအာဇာ နည်သည် ပြေးလွှားရင်း သေရ၏၊ နွားအာဇာနည်သည် ဝန်ရုန်းရင်း သေရ၏၊ လူအာဇာနည်သည် အလုပ်ခွင်တွင် လုပ်ရင်းကိုင်ရင်း သေရ ၏" ဟူသော စကားအတိုင်း ဆရာ၏ဘဝတွင် တန်ဖိုးရှိသော လောက အကျိုးပြုချက်များကို အသုံးချလုပ်ဆောင်ရင်း "ဘဝဘဝ ရရသမျှ၊ မရဏာတွင်၊ အဆုံးထင်"ဆိုသည့် စကားအရ ကွယ်လွန်ရှာသော အာဇာနည်စာရင်းဝင် တစ်ပါးဖြစ်၍ အောက်မေ့တသ၍မဆုံး ရှိကြရပါ သည်။

ပန်းချီကျော် အနုပညာရှင်တို့သည် စုတ်တံဆေးချက်များ ဖြင့် မိမိတို့လိုရာ ရုပ်ပုံတူ ကားချပ်ကြီးကို ရေးဆွဲခြယ်မှုန်းလိုက်သည့် အခါ ပျောက်ကွယ်နေသူအား ပြန်လည် အသက်ဝင်လာသကဲ့သို့ ရှိပါသည်။

ထိုရုပ်ပုံတူကားချပ်ကြီးကား နှလုံးသားမှ အပြည့်အဝ ပေါ် လာသော ကျွန်တော့်ဆရာ (လယ်တီဦးကောဝိဒ) ပင် ဖြစ်ပါသည်။ ပန်းချီကျော်များနှင့်တူလှသော စာပေပညာရှင် (စာရေးဆရာကျော်) တို့ကလည်း ကျွန်တော်တို့ ချစ်မြတ်နိုးသော ဆရာ၏ဘဝကို ရှုထောင့် စုံမှ မြင်ကွင်းအမျိုးမျိုးတို့ကို သရုပ်ဖော်ထားကြရာ ကျွန်တော်တို့၏ စိတ်ကို အတွေးယဉ်ကြော နစ်မြောစေနိုင်သည်အထိ လှုပ်ရှားနိုးဆွ သကဲ့သို့ ထင်းထင်းကြီး ပေါ်လာပါသည်။

ကျွန်တော်တို့အပေါ်၌ ဆပ်၍မကုန်အောင် ကြီးမားလှသော ကျေးဇူးများကိုလည်း တုံ့ဆပ်လိုက်ခြင်းဖြင့် ဆရာ့အား နှမြောတသ မိကြသောစိတ်ကို နှစ်သိမ့်ဖြေဖျောက်ကြရပါသည်။

ဤစာအုပ်ဖြစ်ပေါ်လာနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီ
mgyoe.com

mgyoe.com

အားပေးကြသော လူထုဦးလှနှင့် ဒေါ်အမာတို့အားလည်းကောင်း၊ ဆရာ၏ဘဝကို ကလောင်ဖြင့် သရုပ်ဖော်ကြပြီး ဆရာ့အား သံယောဇဉ်ကြီးမားလှကြသော ပညာရှင်စာရေးဆရာကြီးတို့အားလည်းကောင်း လယ်တီဦးကောဝိဒ မော်ကွန်းကျောက်စာကျောက်တိုက် ဖြစ်မြောက်ရေးအဖွဲ့မှ ကျေးဇူးတင်မဆုံးရှိကြောင်းကိုလည်း မှတ်တမ်းတင်လိုပါသည်။

လူနှင့်အလုပ် မအားလပ်အောင် ရှုပ်ထွေး နပန်းလုံးနေရသော ကျွန်တော့်ဘဝတွင် ဗျာဓိဒဏ်ချက် အတန်ငယ် နှိပ်စက်ခြင်း ခံနေရခိုက် ပညာရှင်တို့၏ စာမူများကို ကျေနပ်အားရစွာ တွေ့ထိခြင်း မပြုနိုင်သော ကျွန်တော်၏ ချွတ်ယွင်းချက်များ တွေ့ရှိခဲ့မိပါလျှင် ထိုအပြစ်မှ ကြည်ဖြူစွာ ခွင့်လွှတ်နိုင်ကြမည်ဟု မျှော်မှန်းမိကြောင်း ဖော်ပြအပ်ပါသည်။ ။

၁၉၇၁ ခု
အောက်တိုဘာလ ၂၂ ရက်။

မောင်လှပိုင်
(လယ်တီဦးလှပိုင်)

mgyoe.com

mgyoe.com

ကဝိဘာရတီကျမ်းပြုပထမကျော်
လယ်တီအသျှင် ဦးကောဝိဒ
ဂုဏ်ဘွဲ့ရှစ်ဆယ်ပေါ်

မဟာလယ်တီ နွယ်ဂုဏ်မြောက်၊
ကြယ်ဝေပုလ်ကျောက် ခေါင်ချာသွင်၊
စွယ်နေစုံရောက် ပြောင်မာတင်လို၊
နောင်ရာဇဝင် ဩဘာကျူး။ ။
ထေရ်ကောဝိဒ ဘဒ္ဒန္တာငယ်၊
မြတ်ဉာဏ်ရတနာ ရဲရဲနေသို့မြူး။ ။
ပါဠိ မဂဓ သက္ကတ စာဝယ်၊
ဆရာ့ ဆရာ...တင်ဖွယ်ထူး။
သဒ္ဒါအရာ ပင်လယ်ကူးလို့၊
စင်ကြယ်ဆွတ်ရူး ပထမ အကျော်။ ။
ကဝိဘာရတီ၊ စာစီသ၊
ကဗျာဂီတ၊ ရွှေကျမ်းပြု အမော်။ ။
သုတ္တန် ဝိနယ ဘိဓမ္မာပေါ်မှာ
ကဝိ အာဘော်ထိန်ထိန်ထွန်းလို့၊
ဝရဇိန်ချွန်းကျောက်မင်းသန်လျက်ပမာ၊
ဖောက်ထွင်းဉာဏ်စက်ဖြာ။ ။
ဇာနည်ပဏ္ဍိတ် ပီသစွာသည်၊
သီလ သမာ စုံရင့်မာလို့လေး....။ ။

ဒဂုန်သျှင်သန်းမေ
၁၉-၉-၇၁

mgyoe.com

mgyoe.com



လယ်တီ ဦးကောဝိဒ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပထမကျော် လယ်တီ ဦးကောဝိဒ

(စာရေးဆရာကြီး ပုပ္ပားဦးကျော်ရင်၊ ဒဂုန်မဂ္ဂဇင်းအယ်ဒီတာချုပ်)

---

သိဒ္ဓိရတ္ထု။ ။ ဒုလ္လဘော ပုရိသာ ဇညော။
န သော သဗ္ဗတ္ထ ဇာယတိ။ (ဓမ္မပဒ၊ ဗုဒ္ဓဝဂ်)

အလွန်ရအပ်ခဲလှစွာသော အာဇာနည်ယောကျ်ားမြတ်ကို ဤငါတို့ မြန်မာနိုင်ငံ၊ မြင်းခြံခရိုင်၊ ဂနိုင်ပိတ်ဆီး၊ မြိုင်ကြီးဟေမဝါ၊ မဟာဂီရိ၊ ကျော်ကိတ္တိဖြင့်၊ မည်ရှိထင်ရှား၊ တောင်တော် ရွှေပုပ္ပား၏အရှေ့တောင်၊ ယွန်းယောင်ဒေသ၊ ဤနေရာ၌ ဤဌာန၌ အရတော်စွာ ငါတို့ရအပ်ပြီ။

ထိုအာဇာနည် ယောကျ်ားမြတ်ကို အဖ ဦးကြာခိုင်၊ အမိ ဒေါ်အုန်းရီတို့မှ မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ တနင်္လာနေ့၊ ညဦးသန်းလွဲအချိန်တွင် ရသေ့တောင်ရွာ၌ ကောင်းစွာဖွားမြင်ခဲ့၏။ ငယ်မည် မောင်ကျော်ရင်၊ ဘွဲ့တော် ဦးကောဝိဒဟု တွင်၏။ မောင်ကျော်ရင်၏ မိဘများသည် သားဦးရတနာ မောင်ကျော်ရင်ကို ဖွားမြင်ပြီးနောက် ရသေ့တောင်ရွာမှ ဤ တည်ပင်တဲရွာသို့ ရွှေ့ပြောင်းနေထိုင်ကြရာ သားဖြစ်သူ အရွယ်ရောက်လာသောအခါ တည်ပင်တဲကျောင်း ဆရာတော် ဦးကေသရထံ အပ်နှံ၍ ပညာသင်စေကြကုန်၏။ ဦးကေသရကား မောင်ကျော်ရင်၏ ဦးရီးတော်ရင်းပေတည်း။ ဆင်ခေါင်းဂိုဏ်းကြီး၏ ဂိုဏ်းထောက် ဆရာတော်ဟူ၍လည်းကောင်း၊ စာပေကျမ်းဂန် တတ်ကျွမ်းလှသည်ကို အကြောင်းပြု၍ "မဟော်သဓာ ကိုယ်တော်"ဟူ၍လည်းကောင်း ထင်ရှားသောဆရာတော် ဖြစ်၏။

ထိုစဉ်အခါက ဤ တည်ပင်တဲကျောင်း၌ ကျောင်းသားပေါင်း ၂၀၀ ကျော်ရှိသည့် အနက် မောင်ကျော်ရင်ကား အရွယ်နှင့်မလိုက် ဉာဏ်လည်းအထက်ဆုံး၊ နှုတ်လည်း

mgyoe.com

mgyoe.com
အသွက်ဆုံး၊ မှတ်ဉာဏ်လည်း အကောင်းဆုံးဖြစ်၏။ သူ့ကိုမီသူမရှိ။ သူ၏ ဗိဇခေါ် 'ဉာဉ်' ကလည်း သူများထက် ထူးခြားလှ၏။ ကစားရာ၌ပင် သူသည် ရှေ့တန်းမှ အမြဲနေလေ့ ရှိ၏။ ရှင်ဘုရင်၊ သို့မဟုတ် ဆရာသမား၊ သို့မဟုတ် အကြီးအကဲဗိုလ်လုပ်ရမှ ပါဝင် ကစားလေ့ ရှိ၏။ မကစားရလျှင်ရှိစေ၊ နောက်လိုက်ငယ်သားအဖြစ် မည်သည့်အခါမျှ သူမပါဝင်။ ဤကား သူ၏ ဝမ်းတွင်းပါဉာဉ်ဖြစ်၏။ ဖွားမြင်သည်မှစ၍ ပထမကျော် ဓမ္မာစရိယဖြစ်သည်အထိ သူ့ဘဝကို ခြုံ၍လေ့လာသော်....

ဦးကောဝိဒသည်

၁။ ၁၂၆၉ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ တနင်္လာနေ့၊ ညဉ့်သန်းလွဲအချိန် တွင် ဖွားမြင်ခဲ့၏။

၂။ ၁၂၇၆ ခုနှစ်၊ တည်ပင်တဲကျောင်း၌ သာမဏေပြု၍ ရှင်မည် ကောသလ္လဟု တွင်၏။

၃။ ၁၂၈၂ ခုနှစ်၊ မုံရွာမြို့ လယ်တီတိုက်၊ ကျေးဇူးရှင် ပထမလယ်တီနှင့် ဒုတိယ လယ်တီဆရာတော်ကြီးများထံ ရောက်၏။ ဆရာတော်က ကောသလ္လကို ကောဝိဒဟု အမည်ပြောင်းလိုက်၏။

၄။ ၁၂၈၇ ခုနှစ်၊ အသက် ၁၈ နှစ် သာမဏေဘဝ၌ "လယ်တီမဟာဂဏဝါစက" စာချအဖြစ် ချီးမြှောက်ခြင်း ခံရ၏။

၅။ ၁၂၈၉ ခု၊ သီတင်းကျွတ် လဆန်း ၄ ရက်နေ့တွင် မုံရွာ လယ်တီတိုက်၌ ဒုတိယ လယ်တီဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံ၏။

၆။ ထိုနှစ် ၁၂၈၉ ခု၌ မုံရွာမှ အမရပူရမြို့သို့ ထွက်ခွာ၍ တူးမောင်းတိုက်၊ ဆရာတော် ဦးနန္ဒိယထံတွင် အဘိဓမ္မာညဝါများ သင်ကြားခဲ့၏။

၇။ ၁၂၉၀ ခုနှစ်တွင် အမရပူရမှ ပခုက္ကူမြို့သို့ ရွှေ့ပြောင်း၍ မဟာဝိသုတာ ရာမတိုက်၊ ဆရာတော်ဦးပညာနှင့် ဆရာတော် ဦးနန္ဒဝံသတို့ထံတွင် ပညာ သင်ခဲ့၏။

၈။ ၁၂၉၁ ခုနှစ်တွင် အစိုးရ ပထမပြန်စာမေးပွဲတွင် ပထမကြီးတန်း အောင်မြင် ခဲ့၏။

၉။ ၁၂၉၂ ခုနှစ်တွင် အမျိုးသားပရိယတ္တိပထမကျော် အောင်မြင်ခဲ့၏။

၁၀။ ၁၂၉၄ ခုနှစ်တွင် အစိုးရ ပထမပြန် စာမေးပွဲတွင် 'ပထမကျော်' အောင်မြင် ခဲ့၏။
mgyoe.com

mgyoe.com

၁၁။ ၎င်းနှစ် ၁၂၉၄ တွင် ပခုက္ကူမှ မန္တလေးသို့ ရွှေ့ပြောင်းကာ စကုတိုက်၌နေစဉ် စာချဆရာတော်ကြီးများကလည်းကောင်း၊ များစွာသော စာသင်သားတို့က လည်းကောင်း တိုက်တွန်းကြသဖြင့် စာသင်သားတို့အား စာပေပို့ချသည်တွင် မန္တလေး နေပြည်တော် သာသနာ့လောက၌ အငယ်ဆုံးသော စာချဆရာ တော်ကလေး ဟူ၍လည်းကောင်း၊ စာလိုက်သံဃာ လေးငါးရာရှိ၍ စာလိုက် အများဆုံးသော စာချဆရာတော်ဟူ၍လည်းကောင်း ထင်ရှားလာ၏။

၁၂။ ၁၂၉၅ ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းမှ ပထမကျော် လယ်တီ ဦးကောဝိဒအား 'ဓမ္မာစရိယ'ဘွဲ့တော် ဆက်ကပ်၍ ကိုးကွယ် လာ၏။

၁၃။ ၁၂၉၅ ခုနှစ်တွင် တန်ဆောင်မုန်းလဆုတ် ၂ ရက်နေ့ ရန်ကုန် ဂျူဗလီ ဟော(လ်)ရုံ၌ ဘွဲ့နှင်းသဘင် ကျင်းပလျက် အစိုးရက ဆက်ကပ်သော ပထမကျော် ဘွဲ့တံဆိပ်တော်ကို ခံယူခဲ့၏။

၁၄။ ၁၂၉၆ ခုနှစ်တွင် ကျေးဇူးရှင် ဒုတိယ လယ်တီဆရာတော်ဘုရားကြီး၏ ခေါ်ဆောင်ချက်အရ မုံရွာသို့ ပြန်လာခဲ့ရပြီး လယ်တီတိုက်၌ သီတင်းသုံးကာ စာပေပို့ချနေတော်မူသည်။

ဤသည်တို့ကား သူ၏ ဘဝမှတ်တိုင်များဖြစ်ကုန်၏။

သူသည် ဗုဒ္ဓသာသနာ ထွန်းကားမှုကို လွန်စွာ လိုလားတော်မူ၏။ ဗုဒ္ဓကျမ်းစာ များသည် ပါဠိဘာသာဖြင့် တည်ရှိနေသည်ဖြစ်ရာ ပါဠိဘာသာကို တတ်မြောက်ကျွမ်းကျင် မှသာ ဗုဒ္ဓ၏ စကားတော်များကို ပိုင်နိုင်စွာ သိနိုင်မည်ဖြစ်သောကြောင့် ပါဠိဘာသာ ထွန်းကားရေးကို ရှေးရှုတော်မူလျက် ပခုက္ကူမြို့၌ နေစဉ်အခါ 'ပါဠိဂဝေသီ' အသင်းကို လည်းကောင်း၊ မန္တလေး၌နေစဉ်အခါ 'ပါဠိဘာဏီ' အသင်းကိုလည်းကောင်း၊ မုံရွာလယ်တီ သို့ ပြန်ရောက်လာသောအခါ၌လည်း ပါဠိဘာဏီအသင်းကိုလည်းကောင်း ဖွဲ့စည်းတည် ထောင်ကာ ပါဠိဘာသာနှင့် သာသနာထွန်းကားရေးအတွက် အားတက်သရော ကြိုးပမ်း တော်မူ၏။

ထိုမှတစ်ပါး ပထမကျော် လယ်တီဦးကောဝိဒသည် သာသနသမိုင်းတစ်လျှောက် စာဝါတစ်ဝါအဖြစ်ဖြင့် မည်သူမျှ မပို့ချခဲ့ဖူးသောကဗျာကို "ကဗျာစာဝါ"အဖြစ်ဖြင့် မန္တလေးမြို့ စကုတိုက် သဒ္ဓမ္မဇောတိကာရုံအုတ်ကျောင်း၌ ပို့ချတော်မူခဲ့ရာ စာလိုက်သူ များပြားလွန်းသဖြင့် ကျောင်းမဆံ့သောကြောင့် အိမ်တော်ရာ ဘုရားအတွင်းရှိ ၁၄ ခန်း ဇရပ်ကြီး၌ ရွှေ့ပြောင်းပို့ချတော်မူရ၏။

mgyoe.com

mgyoe.com
ပထမကျော် လယ်တီဦးကောဝိဒသည် သာသနာစည်ပင်မှု၊ အဓွန့်ရှည်စွာ တည်ထွန်းမှုကို လိုလားတော်မူသည်အားလျော်စွာ အနာဂတ်ကာလ၌ သာသနာစောင့် အာဇာနည်သူရဲကောင်းများ ပေါ်ထွက်လာရေးအတွက် စာကို မနေမနား ပို့ချတော်မူသည်။ စာချရင်း ကျမ်းစာများကိုလည်း ရေးသားတော်မူသည်။ သဒ္ဒါဘက်ဆိုင်ရာ လယ်တီပဒမာလာ (ပ–ဒ–တ) သုံးကျမ်းကိုလည်းကောင်း၊ ပါဠိဘာသာဖြင့် ရူပသိဒ္ဓိ အနုဋီကာကျမ်းနှင့် ရူပသိဒ္ဓိဂဏ္ဌိကျမ်းကိုလည်းကောင်း၊ ကဗျာဆိုင်ရာ ကဝိဘာရတီကျမ်း၊ ပါဠိဆိုင်ရာ ပါဠိဘာရတီကျမ်း၊ ဆန်းဆိုင်ရာ ဆန္ဒောဘာရတီကျမ်းနှင့် အလင်္ကာဆိုင်ရာ အလင်္ကာဘာရတီကျမ်းကိုလည်းကောင်း ကြိုးကြားကြိုးကြား ရေးသားပြုစုတော်မူ၏။ ပါဠိဘာသာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်တော်မူသည်နှင့်အမျှ သက္ကတဘာသာ၊ ဟိန္ဒီဘာသာ၊ သီဟိုဠ်ဘာသာများကိုလည်း ကောင်းစွာ တတ်မြောက်တော်မူသည့်အလျောက် သက္ကတဘာသာဖြင့် ရေးသားထားသည့် ဆေးကျမ်းများကိုလည်းကောင်း၊ သကုန္တလာပြဇာတ်၊ ပယာလိပြဇာတ်၊ ရတနာဝလိပြဇာတ် စသော ပြဇာတ်များကိုလည်းကောင်း ဘာသာပြန်တော်မူခဲ့၏။

ထိုမှတစ်ပါး ပထမကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ အမွေကိုဆက်ခံသည့်အနေဖြင့် နွားသားစားခြင်းမှ ရှောင်ကြဉ်ရေး တရားများကိုလည်း ဆက်လက်ဟောကြားတော်မူခြင်းဖြင့် ကျေးဇူးဆပ်တော်မူ၏။ အပြောအဟောလည်း ကောင်း၏။ အာဝဇ္ဇန်းလည်း ရွှင်၏။ ရဲလည်းရဲရင့်၏။ ပါဠိအရေးအသား၌လည်းကောင်း၊ မြန်မာစကားပြေ အရေးအသား၌လည်းကောင်း၊ ကဗျာအရေးအသား၌လည်းကောင်း လွန်စွာ ကျွမ်းကျင်တော်မူ၏။ ထို့ကြောင့်လည်း လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက လယ်တီဦးကောဝိဒအား လွန်စွာ ချီးကျူးအားထားတော်မူသည်သာမက ဒဂုန်မဂ္ဂဇင်း၌ စာများရေးသားရန် တိုက်တွန်းတော်မူချက်အရ ပထမကျော် လယ်တီဦးကောဝိဒဟူသော အမည်ဖြင့် လောကီလောကုတ္တရာ အကျိုးပြုဆောင်းပါးများကိုလည်းကောင်း ပုပ္ပားဦးကျော်ရင်အမည်ဖြင့် ကာလပေါ်ဝတ္ထုဆန်းများနှင့် အရေးပေါ် ဆောင်းပါးကဗျာများကိုလည်းကောင်း၊ မန္တလေးမောင်သန်းမြဟူသောအမည်ဖြင့် 'မိဖုရားစော' စသော ရာဇဝင်ဝတ္ထုကြီးများကိုလည်းကောင်း၊ သလ္လာဝတီတင့်အုံ ဟူသောအမည်ဖြင့် ယုဝတီ စက္ခု ပင်တိုင်ဆောင်းပါးကိုလည်းကောင်း၊ ရံခါရံခါ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ကိုယ်စား နီတိမာလာခန်း၊ ထေရီထေရာဘာသာပြန်ခန်းနှင့် ခေါင်းကြီးပိုင်းကိုလည်းကောင်း ရေးသားတော်မူသည့် အရည်အသွေးများကိုထောက်ချင့်၍ ဆရာဦးမောင်ကြီး၏ ဆန္ဒအရ ဒဂုန်မဂ္ဂဇင်းပိုင်ရှင် မြန်မာအဆွေသူဌေးမင်း ဦးဘညွန့်နှင့် သားကြီးသြရသ ဦးတင်နွယ်တို့က ပထမကျော်
mgyoe.com

mgyoe.com
လယ်တီဦးကောဝိဒ ပုပ္ပားဦးကျော်ရင်အား ဒဂုန်မဂ္ဂဇင်း အယ်ဒီတာချုပ်အရာ၌ထားကာ လေးစားဂုဏ်ပြုကြည်ညိုကိုးကွယ်ခြင်း ပြုကြကုန်၏။

မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ်၊ နတ်တော်လ၌ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသော အခါ ပထမကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး တည်ထောင်တော်မူခဲ့သော လယ်တီကျောင်းတိုက်ကြီးလည်း မီးလောင်ပျက်စီးသွားလေ၏။ ရဟန်းသံဃာတို့မှာလည်း ကစဥ့်ကလျား ဖြစ်ကုန်လေ၏။ ထိုအခါ ပထမကျော် လယ်တီဆရာတော် ဦးကောဝိဒ မှာလည်း နေရာအတည်တကျမရှိ။ လေလွင့်ရွက်ခြောက်ပမာ ဟိုပြောင်းသည်ရွှေ့ မမွေ့ နိုင်အောင် လွင့်ရလေ၏။ မုံရွာမြို့အနီး ခိုးသန်းရွာ၌လည်းကောင်း၊ စစ်ကိုင်းမြို့ လေးကျွန်း မြေအုတ်ကျောင်း၌လည်းကောင်း၊ ပုဂံမြို့ မြင်းကပါ မနူဟာကျောင်း၌လည်းကောင်း၊ ပုပ္ပားတောင်ကြီး၏အရှေ့တောင် ဇာတိဒေသ၏ တည်ပင်တဲရွာ ဂါမ၌လည်း တစ်ဝါ တစ်ချီဆိုသကဲ့သို့ လှည့်လည်နေတော်မူရစဉ် ဘဝတစ်သက်လျာတွင် တစ်ခါဖူးမျှ မခံစား ရဖူးသော ကိုယ်၏ဆင်းရဲခြင်းဒုက္ခ၊ စိတ်၏ ဆင်းရဲခြင်းဒုက္ခတို့သည် အရှင်ကောဝိဒ အကျော် လယ်တီဆရာတော်အား ဖိစီးနှိပ်စက်လာကုန်၏။ ထို့ကြောင့်—

သက္ကရာဇ် ၁၃၀၆ ခုနှစ်၊ နယုန်လ၌ စစ်လှိုင်းဂယက် ရိုက်ခတ်မှုကြောင့် ဦးကောဝိဒသည် တည်ပင်တဲရွာသို့ ပြန်ရောက်လာစဉ် စိတ်တည်ငြိမ်မှုဖြစ်စေရန် ကမ္မဋ္ဌာန်း တရား ပွားများအားထုတ်ခြင်းငှာ ရသေ့တောင်ရွာ၏ မြောက်ဘက် စက်စက်ယိုတောင်ခြေရှိ တောင်ကုန်းတစ်ခုကို 'တောင်ပလ္လင်'ဟု သမုတ်ပြီးလျှင် ထိုတောင်ကုန်းပေါ်တွင် ရသေ့ တောင်ရွာသားများ ဆောက်လုပ်လှူဒါန်းသောကျောင်း၌ တပည့်ရဟန်းငယ် ဦးစန္ဒိမာအား ပစ္ဆာသာမဏအဖြစ် ခေါ်ဆောင်လျက် တောရဆောက်တည်၍ နေတော်မူ၏။ ဥပုသ်နေ့ တိုင်း သမထဝိပဿနာတရားများ ဟောကြားတော်မူခြင်းဖြင့် မေ့မေ့ပျောက်ပျောက် စိတ်ကို ဖြေဖျောက်ခဲ့သည်။ သို့သော် စိတ်သည် တည်ငြိမ်မှုမရခဲ့။ စိတ်လေရာသို့ ကိုယ်ပါလွင့်ပါ လေ၏။

၆

သက္ကရာဇ် ၁၃၀၇ ခုနှစ် ဂျပန်များလက်နက်ချ၍ မြန်မာပြည်ကို ဗြိတိသျှလူမျိုးတို့ ပြန်လည်ကြီးစိုးစ အခါသမယ တပို့တွဲလ၌ ရန်ကုန်သို့ကြွရန် အကြံဖြစ်တော်မူသည် အားလျော်စွာ ရန်ကုန်အခြေအနေကိုစုံစမ်းရန် ညီတပည့်ဖြစ်သူ ဒဂုန်ဦးစန်းငွေအား အထောက်တော်အဖြစ်ဖြင့် ရန်ကုန်သို့ စေလွှတ်လိုက်၏။ အကျိုးအကြောင်း ငါ့ထံသို့ အကြောင်းပြန် ငါလိုက်လာမည်ဟူ၍ မှာလိုက်၏။ ဦးစန်းငွေလည်း အမိန့်အတိုင်း တပို့တွဲ လဆန်း ၁၄ ရက်နေ့တွင် တည်ပင်တဲရွာမှ ခွာ၍ ရန်ကုန်သို့ပြန်ရလေ၏။

ဦးစန်းငွေသည် ရန်ကုန်ရောက်လျှင် ဦးကောဝိဒ၏ ဒါယကာရင်းချာ အစေခံ
mgyoe.com

mgyoe.com
ဦးတင်နွယ်၊ ဦးညီပု စသူတို့နှင့် တိုင်ပင်၍ ရန်ကုန်သို့ အမြန်ကြွတော်မူခဲ့ပါရန် ပင့်စာတစ်စောင် အမြန်ပြန်လိုက်သော်လည်း ထိုစာကား အလာကောင်းသော်လည်း အခါနှောင်းခဲ့လေပြီ။ ထိုစာကို တပေါင်းလဆန်း ၃ ရက်နေ့စွဲဖြင့် ထည့်လိုက်၏။ ဦးကောဝိဒသည် တပေါင်းလဆန်း ၈ ရက်နေ့၌ လူထွက်၏။ လူထွက်ပြီး၍ ၁၀ ရက်အကြာ တပေါင်းလဆုတ် ၉ ရက်နေ့တွင်မှ ဦးကောဝိဒလက်သို့ ထိုစာရောက်လာသည်။ အဘယ့်ကြောင့် သူ လူထွက်ရသည်ဆိုသော အကြောင်းကို ပါဠိဘာသာဖြင့် ရေးသားကာ ဦးစန်းငွေထံ ပြန်ကြားလိုက်သည်။ ထိုစာကား သူကိုယ်တိုင်ရေးသည့် သူ့သမိုင်းဖြစ်လာ၏။

ပထမကျော် လယ်တီဦးကောဝိဒ
သူကိုယ်တိုင် နောက်ဆုံးရေးသွားသော သမိုင်းဝင်စာ

သကာဒိ ၁၃၀၇ ခု၊ တပေါင်းလဆုတ် ၅ ရက်နေ့။

တပည့် မောင်စန်းငွေ

တပေါင်းလဆန်း ၃ ရက်နေ့စွဲပါစာကို တပေါင်းလဆန်း ၉ ရက်နေ့က ကျောက်ပန်းတောင်းမှာ ရောက်လာသော်လည်း ဆရာ့ထံသို့ လဆုတ် ၃ ရက်ကျမှ ရောက်ရှိဖတ်ရတော့သည်။ အောက်ပါတို့ကို သတိပြုဖတ်လေ။

(မှတ်ချက်။ ။အောက်ပါတို့ကား ဦးကောဝိဒ ကိုယ်တိုင်ရေး သမိုင်းဝင်ပါဠိစာများကို ဘာသာပြန်ချက်)။

"သင့်ကို ငါ ရေးကပြောဖူးသောအတိုင်း အမျိုးမျိုးသော ရဟန်းကိစ္စ၊ လူကိစ္စ တည်းဟူသော ပြဿနာကိစ္စ အရပ်ရပ်တို့ ဝင်ရောက်နှောင့်ယှက်အပ်သည်ဖြစ်၍ နေ့ရောညပါ ငါ့မှာ ပျော်သည်ဟူ၍ မရှိခဲ့။ စင်စစ်ဆိုသော် ငါတို့ဇာတိဖြစ်သော ဤဒေသ၌ အစားအစာလည်း ဆင်းရဲလှ၏။ ရဟန်းရော လူပါ ပညာရှိသူလည်း ခေါင်းပါးလှ၏။ ထို့ကြောင့် ဤအရပ်၌နေခြင်းဟာ ငါမလိုလား။ သို့သော်လည်း မွေးရပ်ဌာနေ ဖြစ်နေသည့်အတွက် ထိုအရပ်ကို ငါ မစွန့်ရက်နိုင်၊ မခွာရက်နိုင်၊ မနေချင်ပါဘဲလျက်လည်း ငါနေ နေရ၏၊ ဤသည်လည်း တစ်ဒုက္ခ။

"သည်တွင်မျှမက မုံရွာမြို့မှ အစိုးရနှင့်ပတ်သက်သော မှုခင်းတစ်ခုကို အကြောင်းပြု၍ ဖြေရှင်းစရာကလည်း ရှိနေသည်၊ ဤသည်လည်း တစ်ဒုက္ခ။ ငါ့လက်ဝယ်၌ သုံးစွဲစရာ ပစ္စည်းပစ္စယများ ခေါင်းပါးလှ၏၊ ဤသည်လည်း

mgyoe.com
တစ်ဒုက္ခ။ ထိုမှတစ်ပါး ငါနေထိုင်ခဲ့သော လယ်တီကျောင်းတိုက်ကြီးနှင့်တကွ ရဟန်းတပည့်၊ လူတပည့် ဒါယကာ ဒါယိကာမ စသော ငါ့အသိုင်းအဝိုင်းများစွာတို့ ပျက်စီးကုန်လေရကား ကြီးစွာသော စိတ်၏ ဆင်းရဲခြင်းများကို ငါခံစားနေရ၏၊ ဤသည်တို့သည်လည်း တစ်ဒုက္ခ။

ဤသို့လျှင် အမျိုးမျိုးသော ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့က ငါ့အား ဖိစီးနှိပ်စက်အပ်သည်ဖြစ်၍ လက်ရှိအခြေအနေ၌ ရပ်တည်ခြင်းငှာ ငါမစွမ်းနိုင်တော့။ ထို့ကြောင့် ရဟန်းတန်မဲ့လျက်လည်း ကြိမ်ဖန်များစွာ ငါမျက်ရည်ကျရ၏။ ဆွေစုံမျိုးစုံ လူပုံအလယ်၌လည်း ငါမြည်တမ်းမိတော့၏။ နှစ်လကျော်ကျော် သုံးလခန့်အထိပင် ရှေ့ရေး နောက်ရေးကို ခေါင်းအေးအေးထား၍ စဉ်းစားလိုက်၊ တွေလိုက်၊ ငိုင်လိုက်၊ ခေါင်းငိုက်စိုက် ချလိုက်နှင့် စိတ်၏ ပူပန်ခြင်းဒဏ်ကို တတ်နိုင်သလောက် ငါတွန်းလှန်ခဲ့ပါသေးသည်။ သို့သော် သည်းမခံ၊ မရပ်တည်နိုင်တော့သည့်အဆုံး တပေါင်းလဆန်း ၈ ရက်နေ့၌ သာသနာ့ဘောင်မှ လူ့အဖြစ်သို့ ငါပြန်ခဲ့ပြီ၊ ငါလူထွက်လိုက်ပြီ။

ဤဆိုလတ္တံ့သည်ကား ငါလူထွက်ပုံ အခြင်းအရာဖြစ်၏။ ကျောက်ပန်းတောင်းမြို့သို့ ငါသွားသည်။ ဦးဖေမြင့် စသော သိက္ခမ်းရင်းနီးရာ ဒါယကာများအား အသိပေးတိုင်ပင်ပြီးလျှင် ကျောက်ပန်းတောင်းမြို့ပေါ်က ကျောင်းတစ်ကျောင်းတွင်နေသော ငါ့တပည့် ရဟန်းတစ်ပါးထံ၌ ငါသိက္ခာချသည်။ ပြီးလျှင် ရွာပြန်၍ လူဝတ်ဖြင့် ငါနေသည်။ ပုန်းလျှိုးကွယ်လျှိုး ငါမပြု။ ထင်ထင်ရှားရှား ခပ်ပြောင်ပြောင်ပင် ငါလုပ်လိုက်၏။ ဤသည်ပင် ငါလူထွက်ပုံ ဖြစ်ပေ၏။

နားထောင်လေဦး ချစ်တပည့်။ ငါလူထွက်ပြီးသောအခါ၌ ဒုက္ခတွေ ချာချာလည်နေခဲ့သော ဤ ငါ၏ ရဟန်းဘဝတုန်းက အမျိုးမျိုးသော စိတ်နှလုံးနောက်ကျုစရာများကြောင့် တစ်စုံတစ်ခုသော ချမ်းသာသုခသည် ရံခါသော်မှပင် ငါနှင့်မဆုံစည်းမိခဲ့။ ထိုနည်းလည်းကောင်းပင် လူဝတ်ကြောင်ဘဝသို့ ငါပြန်ရောက်သွားသော်လည်း တစ်ရံတစ်ဆစ်မျှ ငါမပျော်မွေ့လေ။ အထူးထူးအပြားပြား မြောက်မြားလှစွာသော ငါ၏ဆုံးရှုံးခဲ့ရမှု၊ ပျက်စီးခဲ့ရမှုများကို ယူကြုံးမရဖြစ်ကာ တွေးတော ကြံမှိုင်၍သာလျှင် ငါနေရ၏။

ငါ့မှာ ထိုသို့သောအဖြစ်မျိုးနှင့် ကြုံတွေ့နေရသော်လည်း အလွန်ကြောက်မက်ဖွယ် ကောင်းလှသည့် ကံကြမ္မာ ဂြိုဟ်ဆိုးတည်းဟူသော ပင်လယ် သမုဒ္ဒရာကြီးအတွင်း၌ စုန်းစုန်းမြုပ်နေသော ဒုက္ခသည် ငါ့ကို ထုတ်ဆွဲကယ်တင်မည့်
mgyoe.com

mgyoe.com
ရဟန်း၊ ရှင်၊ လူ တစ်ယောက်တလေမျှ မပေါ်လာ။

ဤအရာ၌ ငါပြောချင်သည် ချစ်တပည့်။ အခြား အခြားသော ရဟန်း၊ မိတ်ဆွေသင်္ဂဟနှင့် တပည့်ငယ်သားတို့အား ငါ၌ ယခု ခံစားရသကဲ့သို့သော ကြမ္မာဂြိုဟ်ဆိုးတို့နှင့် တိုးမိကြလေသောအခါ အကြိမ်ကြိမ် မရေတွက်နိုင်အောင် ငါကယ်တင်ခဲ့ဖူးပါ၏။ သို့ပါသော်ငြားလည်း ငါ့အလှည့်သို့ ရောက်သောအခါ၌ကား ထို ငါပြုပြုသမျှသော ကုသိုလ်ကံတို့၏ အကျိုးသည် အကျိုးမဲ့လေယောင် တကား၊ ငါ့ကို လှည့်စားသည်ဟု ငါထင်၏။ (ဘာသာပြန်ချက် ဤတွင်ဆုံးပြီ။ ကျန်စာသားများကိုကား စကားပြေဖြင့် အောက်ပါအတိုင်း ရေးထား၏။)

ရှိစေတော့...၊ မင့်စာအရ တန်ခူးလဆန်း လေး ငါး ခြောက်ရက်မှာ ရန်ကုန်သို့လာနိုင်မည် ထင်သည်။ လာလျှင် ဘိက္ခုဘောကို ပြန်ယူ၍လာရန် ကောင်းသလား၊ ယခုအတိုင်းလာရန် ကောင်းသလား၊ ဘိက္ခုဘောကို ပြန်၍ယူလျှင် ဘိက္ခုဘောနှင့်ပင် ပြန်၍ မြဲချင်မြဲသွားနိုင်စရာရှိသည်။ တိုင်ပင်သင့်ရာ တိုင်ပင်၍ ပြုလုပ်ပါ။ ရှုးလျှင်ရှုး၊ သေလျှင်သေ၊ အိန္ဒိယသို့ ခရီးရှည်ထွက် အဲသည်သုံးလမ်းကို တစ်လမ်းလမ်း ရွေးချယ်ဖို့ လမ်းသုံးသွယ် ရှေ့မှောက်ရောက် နေသည်။ းပ

ဤသို့ ကိုယ်တိုင်ရေးပြီးလျှင် အောက်၌ 'ဆရာ'ဟု လက်မှတ်ထိုးထား၏။ (ဤစာ၌ "ရှုးလျှင်ရှုး၊ သေလျှင်သေ"ဟူ၍ သူ့ကိုယ်သူ ပြန်၍ ဗေဒင်ဟောကိန်း ထုတ်ထားသည်ကို တွေ့ရ၏။)

ဦးကောဝိဒသည် ရှင်သာမဏေအဖြစ်၊ ရဟန်းအဖြစ် နှစ်ရပ်ပေါင်း အနှစ်သုံးဆယ်ကျော်တို့ ကာလပတ်လုံး 'ကောဝိဒ'ဟူသော အမည်ဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူလာခဲ့ရာမှ အထက်၌ သူကိုယ်တိုင် ဖွင့်ဟမှတ်တမ်းပြုခဲ့သော အမျိုးမျိုးသော စိတ်မချမ်းသာမှုများကြောင့် လူထွက်လေ၏။ ထိုအခါ ဦးကောဝိဒဟူသော အမည်မှ ငယ်နာမည်အတိုင်း ဦးကျော်ရင်ဟူ၍ ပြန်ဖြစ်လာ၏။ မျှားမကြာမီ အတွင်းမှာပင် လူကြီးမိဘများ၏ ခွင့်ပြုပေးစားချက်အရ ရသေ့တောင်ရွာသူ မစောတင်နှင့် အိမ်ထောင်ပြုလိုက်ရ၏။

သက္ကရာဇ် ၁၃၀၈ ခုနှစ်၊ တန်ခူးကုန်၍ ကဆုန်ဆန်းစလောက်တွင် မုံရွာ၌နေသော ညီဖြစ်သူ မောင်ကျော်တင်သည် ကူးသန်းရောင်းဝယ်မှုကိစ္စဖြင့် အောက်နိုင်ငံညောင်တုန်းမြို့သို့သွားရန် မုံရွာမှ လှေဖြင့်စုန်ဆင်းခဲ့ပြီး ရေနံချောင်းသို့ရောက်သောအခါ မတွေ့ရသည်မှာ ကြာပြီဖြစ်သော မိဘဆွေမျိုးများနှင့် နောင်တော် လယ်တီဦးကောဝိဒကို ဖူးမြင်လိုသောဆန္ဒဖြင့် ဇာတိချက်ကြွေ တည်ပင်တဲမြေသို့ ခေတ္တပြန်လာသည်။
mgyoe.com

mgyoe.com

ထိုအချိန်ကား စစ်ကို ဂျပန်တို့က အရှုံးဖြင့် နိဂုံးချုပ်လိုက်ပြီဖြစ်၍ ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစအချိန်၊ အင်္ဂလိပ်လူမျိုးတို့ မြန်မာမြေပေါ်သို့ ပြန်လည်ရောက်ရှိကာ စိုးမိုးလာသော်လည်း တိုင်းပြည်၏အခြေအနေမှာ ဓားပြ၊ သူခိုး၊ လူဆိုးတို့၏ အမျိုးမျိုးသောသောင်းကျန်းမှုများကြောင့် တည်ငြိမ်မှုမရှိသေးသော အခါသမ ဖြစ်၏။ ထိုအခါ လူထွက်ခါစဖြစ်သော ဦးကျော်ရင် (လယ်တီဦးကောဝိဒ) အပေါ်၌ လူဆိုးများက တွက်ဆထားကြသည်သား "သူသည် လူစကောင်းသူတစ်ဦး ဖြစ်သည်၊ မင်းစိုးရာဇာတို့နှင့်သာ ကျွမ်းဝင်ရုံမက ၎င်းတို့အပေါ်၌ ဩဇာညောင်းသူဖြစ်သောကြောင့် အစိုးရအားကိုးနှင့် ငါတို့အားချေမှုန်းရန် သူကြံစည်နေသည်။ သူကြံစည်လျှင် ငါတို့ခံနိုင်မည်မဟုတ်"ဟု တွက်ဆကြကုန်ပြီးလျှင် "ငါတို့၏အလုပ်ကို ဝင်ရှုပ်သူ ဦးကျော်ရင်အား ငါတို့က လက်ဦးအောင်သုတ်သင်ပစ်မှဖြစ်မည်"ဟူ၍ ဦးကျော်ရင်အား လုပ်ကြံရန်အတွက် စိုင်းပြင်းလျက် ရှိနေကြကုန်၏။

သက္ကရာဇ် ၁၃၀၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်နေ့ နံနက်အချိန်တွင် မောင်ကျော်တင် ပြန်သွားသောအခါ ရွာမှ ကျောက်ပုံကားဆိပ်အထိ ဆွေမျိုးများက လိုက်ပို့ကြလေရာ ၎င်းတို့အထဲတွင် မိခင် ဒေါ်အုန်းရီ၊ ၎င်း၏သားကြီး ဩရသ ပုပ္ပားဦးကျော်ရင်(လယ်တီကောဝိဒ)၊ သားလတ် မောင်ချစ်အေးနှင့် အထွေးဆုံးသား မောင်ကံအေးတို့လည်း ပါဝင်ကြ၏။ ကျောက်ပုံကားဆိပ်သို့မရောက်မီ ဖွဲကုန်းခေါ် ယာခင်းပြင်ပေါ်သို့ ရောက်လတ်သော် အသင့်စောင့်နေသော လူဆိုးဓားပြတို့သည် မန်ကျည်းပင်ကြီးပေါ်မှ လက်နက်ကိုယ်စီနှင့် ဆင်းလာကြကုန်ပြီးလျှင် လူစချွန်သူ ဦးကျော်ရင်နှင့် ညီဖြစ်သူ မောင်ကျော်တင်၊ မောင်ကံအေး ဤညီနောင်သုံးယောက်တို့အား ဖမ်းဆီးရိုက်နှက် တုပ်နှောင်ကြလေကုန်၏။ မိခင်ဖြစ်သူ ဒေါ်အုန်းရီစသော ကျန်လူများကိုကား ခေါင်းကို အဝတ်ဖြင့်အုပ်လျက် မြေတွင် ဝပ်နေစေကြကုန်၏။

လူဆိုးတို့သည် ဦးကျော်ရင် (လယ်တီ ဦးကောဝိဒ)၊ မောင်ကျော်တင်နှင့် မောင်ကံအေးတို့အား ဖွဲကုန်းတောင်ဘက် ချောင်းကမ်းပါးဆီသို့ ခေါ်ဆောင်သွားကြကုန်သည်။ ထိုအချိန်တွင်မူ ရိုက်နှက်ထားသော ဒဏ်ချက်ကြောင့် ဦးကျော်ရင်၏မျက်နှာမှာ သွေးချင်းချင်းနီနေပြီ ဖြစ်၏။ ချောက်ကမ်းပါးထိပ်သို့ ရောက်သောအခါ ဦးကျော်ရင်၏ ပါးစပ်၌ သေနတ်ပြောင်းဝကို ငုံစေပြီးလျှင် မောင်းဖြုတ်၍သတ်လေလျှင် ဦးနှောက်ပွင့်ထွက်သွားလေ၏။ အလောင်းကို ခြေဖြင့် ချောက်ထဲ ကန်ချလိုက်ကြကုန်၏။ ကျန်ညီနှစ်ယောက်အားလည်း ဓားဖြင့်ခုတ်သတ်ကြပြီးလျှင် ချောက်ထဲသို့ ကန်ချလိုက်ကြကုန်၏။

mgyoe.com

.mgyoe.com
ဤသို့လျှင် မသမာသူ ဓားပြ၊ သူခိုး၊ လူဆိုးတို့၏ ရက်စက်စွာ သတ်ဖြတ်ချက်ကြောင့် မြန်မာပြည်တွင် နေလအသွင် ထင်ရှားသော ပိဋကတ္တယပါရဂူ ဖြစ်တော်မူသဖြင့် ရဟန်းရှင်လူ သူခပ်သိမ်းတို့၏ ရိုသေလေးစားခြင်းကိုခံရသော ပထမကျော် လယ်တီဆရာတော် ဦးကောဝိဒ၊ ကဝိဘာရတီ၊ ဆန္ဒောဘာရတီ၊ ရူပသိဒ္ဓိပဒမာလာ စသော ကျမ်းများကို ပြုစုသော ဆရာ ပုပ္ပားဦးကျော်ရင်ကား အဆိုပါ သက္ကရာဇ် ၁၃၀၈ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့၊ နံနက် ၁၀ နာရီအချိန်ခန့်တွင် မောင်ကျော်တင်၊ မောင်ကံအေး ညီငယ်နှစ်ယောက်နှင့်အတူ သက်ရှင်လောကမှ ပြည်ဖုံးကား ချသွားရရှာသတည်း။ ။
mgyoe.com

mgyoe.com

# လယ်တီ အရှင်ကောဝိဒသာမိ၏ သီဟိုဠ်ရှင် သမိုင်းကျမ်းအပေါ် ကျွန်ုပ်၏အမြင်

ရွှေကိုင်းသား

ပရိယတ္တိ ပထမကျော်နှင့် အစိုးရ ပထမကျော် နှစ်ထပ်ကွမ်းရ ဓမ္မာစရိယ 'လယ်တီ အရှင်ကောဝိဒသာမိ'သည် ၁၂၉၆ ခု၊ ပထမဝါဆိုလတွင် မိမိ၏ ဘွဲ့အမည်ရင်းဖြင့် ပခုက္ကူ 'သီဟိုဠ်ရှင် သမိုင်းကျမ်း'ကို ကျောက်စာ၊ ရာဇဝင်သမိုင်း အစောင်စောင်တို့ဖြင့် ညှိနှိုင်းတိုက်ဆိုင်ကာ စီရင်ရေးသားခဲ့ပြီးသည့်နောက် တော်သလင်းလတွင် မိမိတာဝန်ယူ ထမ်းဆောင်လျက်ရှိသော ရန်ကုန်မြို့ ဒဂုန်မဂ္ဂဇင်းကြီး၏ အယ်ဒီတာချုပ် နိုင်ငံကျော် စာရေးဆရာကြီး 'ဆရာ ဦးကျော်ရင်' အမည်ဖြင့် မြန်မာနိုင်ငံတွင် ရှေးယခင်က မပေါ်ခဲ့ ဖူးသေးသည့် 'ကဝိဘာရတီ' အမည်ရှိသော မြန်မာကဗျာ ရေးသားနည်း အတတ်ပညာ ဆိုင်ရာကျမ်းကြီးကို သုတ်၊ ဝုတ္တိ၊ ဗျူပ္ပတ္တိ၊ ဥဒါဟရဏ်၊ အဓိပ္ပာယ်ဖွင့်ပြချက်တို့ဖြင့် အကျယ် ဝေဖန်ဆန်းစစ်ကာ တင်ပြပြန်လေသည်။ ဤသို့လျှင် တစ်နှစ်အတွင်းမှာပင် စာပေထုထည် အနေဖြင့်လည်းကောင်း၊ စာပေအရည်အသွေးအနေဖြင့် လည်းကောင်း စာပေလောကတွင် မှတ်ကျောက်တင် ခံနိုင်လောက်အောင် ပြောင်မြောက်လှသော ကျမ်းကြီးနှစ်စောင်ကို တစ်စောင်နှင့်တစ်စောင် အချိန်ကာလအားဖြင့် လေးလမျှသာ ခွာပြီးလျှင် ပြုစုနိုင်စွမ်းသော 'လယ်တီ အရှင်ကောဝိဒသာမိ' သို့မဟုတ် 'ပုပ္ပား ဦးကျော်ရင်'ခေါ် ဆရာ ဦးကျော်ရင်၏ ဉာဏ်ရည်ဉာဏ်သွား စာပေစွမ်းအားမှာ ဇမ္ဗူတွင် တစ်လူဟုဆိုရလောက်အောင် အံ့မခန်း ရှိလှပါဘိတော့သည်။

ဤတွင် စာရေးသူအနေဖြင့် မိမိ ကျင်လည်ကျက်စားလျက်ရှိသော သမိုင်း ရှုထောင့်မှနေ၍ 'သီဟိုဠ်ရှင်သမိုင်းကျမ်း'အပေါ် လေ့လာသုံးသပ်ရသမျှတို့မှ အချို့ကို

mgyoe.com

mgyoe.com

တင်ပြလိုပါသည်။

သမိုင်းကျမ်းတစ်စောင်၏ အရည်အသွေးကို အကဲဖြတ်တော့မည်ဆိုလျှင် ထို သမိုင်းကျမ်းကို ပြုစုရေးသားခဲ့သည့် ပညာရှင်၏ ပင်ကို အရည်အသွေးဖြစ်သော စာပေ ပရိယတ္တိ အခြေခံအပြင် သက်ဆိုင်ရာ သမိုင်းကျမ်းအတွက် လောလောဆယ် ဆောင်ရွက် ခဲ့သည့် စာပေစုဆောင်းမှု သုတေသနလုပ်ငန်းရပ်များကိုပါ ထည့်ပြီး တွက်ရပေမည်။ ပထမကျော် လယ်တီ အရှင်ကောဝိဒသာမိသည် သီဟိုဠ်ရှင် ဘုရားသမိုင်း ပြုစုနိုင်ရေး အတွက် သမိုင်းအချက်အလက်များကို ရှာဖွေစုဆောင်းခဲ့ရာ၌ အောက်ပါစာစုဌာနကြီးများသို့ အကြိမ်ကြိမ် အခေါက်ခေါက် ရောက်ခဲ့သောဟူ၏။ ယင်းသည် ဌာနကြီးများကား–

၁။ အင်းဝမြို့၊ ဗားကရာ သာသနာပိုင်တိုက်။

၂။ စစ်ကိုင်းမြို့၊ ရတနာဗိမာန်ကျောင်းတိုက်။

၃။ စစ်ကိုင်းမြို့၊ အောင်မြေစံလွှတ်တိုက်။

၄။ ဌင်းမြို့ တောတောင်ဘီလူးချောင်။

၅။ မင်းကွန်း၊ ဦးပုကြီးတောင်၊ သုဓမ္မာဆရာတော်ချောင်။

၆။ အမရပူရမြို့၊ ကျော်အောင်စံထားတိုက်။

၇။ မန္တလေးမြို့၊ တောင်ခွင်တိုက်။

၈။ မုံရွာမြို့၊ လယ်တီတိုက်နှင့် မင်းခင်းတိုက်တို့ ဖြစ်ကြသည်။

ဤနေရာများမှာ အထူးသဖြင့် စာအိုစာမင်း ပေါများသဖြင့် ကိုယ်တိုင်ပင် အကြိမ်ကြိမ် အခေါက်ခေါက် သွားရောက်ရှာဖွေခဲ့လေသည်။ ထိုမှတစ်ပါး စာဖြင့်လည်း ကောင်း၊ သူတစ်ပါးကို စေ၍လည်းကောင်း ရှာဖွေစေလွှတ်သော နေရာတို့ကား အများကြီး ရှိလေသေးသည် ဆိုသည်။ ဤသည်ဖြင့် လယ်တီ အရှင်ကောဝိသာဒသာမိ၏ စာပေ စုဆောင်းသော သုတေသနလုပ်ငန်းရပ်များသည် သာမန်အပေါ်ယံရှုပ်ကာ မင်းတိုင်းကျေ လုပ်ခဲ့သည့် သုတေသနမျိုးမဟုတ်ဘဲ အောက်သို့ စောက်နက်နက်တူးပြီး ကျောက်မျက် ရတနာကို ရှာဖွေသကဲ့သို့ ရှာဖွေခဲ့သည်မှာ ထင်ရှားလေသည်။ အရှင်၏ မရမနေ ရအောင် ရှာဖွေမည်ဟူသော မဟာဖျှာသယဆန္ဒစာတ် ကြီးမားတော်မူသည့်အလျောက်လည်း နောက်ဆုံးတွင် သူလိုချင်သည့် သမိုင်းအထောက်အထားများကို ရလေတော့သည်။

သမိုင်း အထောက်အထားဖြစ်သော စာပေများကား ၁။ စစ်ကိုင်းမြို့ အောင်မြေစံ လွှတ်ကျောင်းမှ သိဃ်ိုဠ်ရသမိုင်း၊ ၂။ ဌင်းမြို့ ရတနာဗိမာန်ကျောင်းတိုက်မှ ရွှေမုဋ္ဌော သမိုင်းလင်္ကာ၊ ၃။ မုံရွေးမြို့ လောကမာရ်အောင်တိုက်မှ ဘုရားဆက် သမိုင်းလင်္ကာတို့ ဖြစ်ကြသည်။ ယင်းသမိုင်း ကျမ်းများကား ရေးက ပုံမနှိပ်ဖူးသေးသော ပေစာပေါင်းများ

mgyoe.com

mgyoe.com
ဖြစ်ကြရာ သက္ကရာဇ်စဉ်အားဖြင့် ၁၂၀၃၊ ၁၁၉၀ နှင့် ၁၀၄၈ ခုနှစ်များဆီက ပြုစုရေးကူးခဲ့သည့် ပေစာများဖြစ်လေသည်။ ပြုစုရေးသားလတ္တံ့သော ပခုက္ကူ သီဟိုဠ်ရှင်သမိုင်းကျမ်းအတွက် ယင်းကျမ်းသုံးစောင်မှာ အခြေခံထားရမည့် ကျမ်းများဖြစ်လေသည်။ ထိုတွင် 'သိဃ်ိုဠ်ရှသမိုင်း' စကားပြေကို မူရင်းထားပြီးလျှင် အကြားအကြားအကွက်ဆိုက်ရာတို့၌ ဘုရားဆက်သမိုင်းလင်္ကာနှင့် ရွှေမုဋ္ဌောဘုရား သမိုင်းလင်္ကာတို့ကို ကိုးကားထုတ်ဆောင်သွားမည်ဟု 'သမိုင်းနိဒါန်း'တွင် ဖော်ပြထားလေသည်။

သီဟိုဠ်ရှင်သမိုင်းကျမ်းကို ဖတ်ရှုကြည့်သောအခါ ယင်းသမိုင်း သုံးစောင်အပြင် မှန်နန်းနှင့် ပုဂံရာဇဝင်ဟောင်း စသော ရာဇဝင်ကျမ်းများ၊ အင်းခရု၊ ရွှေမုဋ္ဌော၊ ဇေယခုံ၊ ရတနာမဥ္ဇူ၊ လေးကျွန်းဆီမီး စသော ကျောက်စာဟောင်းများကိုပါ ကိုးကားဖော်ပြထားသည်ကို တွေ့ရသည်။ ၎င်းပြင် လိုအပ်သည့်နေရာများ၌ "အထူးမှတ်သားချက်"၊ "မှာထားချက်"တို့ဖြင့် ရာဇဝင်ရှင်းလင်းချက်များကိုပါ ဖော်ပြထားသည်ကို တွေ့ရသည်။ အထူးသဖြင့် သီဟိုဠ်ရှင် ဘုရားဒါယကာမှာ အလောင်းစည်သူမင်းဖြစ်လေရာ ရာဇဝင်များတွင် ပထမအလောင်းစည်သူနှင့် မြေးဖြစ်သော နရပတိစည်သူတို့ကို အမည်ချင်း ထွေးယှက်၍ တွေ့ရတတ်လေရာ ယင်းကို လယ်တီ အရှင်ကောဝိဒသာဒသာမိမှာ မှန်နန်း စသော ရာဇဝင်များအကူအညီဖြင့် ပြေလည်အောင် ဖြေရှင်းပြထားသည်ကို တွေ့ရလေသည်။ ယင်းသည်တို့ဖြင့် လယ်တီ အရှင်ကောဝိဒသာမိမှာ သမိုင်းကျမ်းပြု ပညာရှင်တစ်ဦးအနေဖြင့် သူထမ်းဆောင်ရမည့် ဝတ္တရားများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားပေသည်။

အကယ်၍ အရှင်ကောဝိဒသာမိသာ ယခုအချိန်ထိ အသက်ရှင်နေဦးမည်ဆိုလျှင် သီဟိုဠ်ရှင်သမိုင်းကျမ်းမှ အချို့အချက်အလက်များ အထူးသဖြင့် မင်းတို့၏ နန်းတက်နန်းကျ သက္ကရာဇ်များကို ပြန်လည်စိစစ်၍ ပြင်ဆင်ပေးလိမ့်မည်ဟု ယုံကြည်ရပေသည်။ အဘယ်ကြောင့်ဆိုသော် သီဟိုဠ်ရှင်သမိုင်းကျမ်း ပြုစုရေးသားခဲ့သည့် ၁၂၉၅-၉၆ ခုတစ်ဝိုက်အထိ ခေတ်ကာလပိုင်းမှာ မှန်နန်း၏ ဩဇာသက်ရောက်မှု အရှိန်အဝါက ကြီးမားလှသဖြင့် မှန်နန်း၏အမှားကို အမှားဟုမမြင်နိုင်ဘဲ အများသူငါ လက်ခံသုံးစွဲကြရာတွင် လယ်တီအရှင်ကောဝိဒသာမိလည်း ခေတ်သဘောကို မလွန်ဆန်နိုင်ဘဲ မှန်နန်း၏ အမှားအချို့ကို လက်ခံသုံးစွဲခဲ့သောကြောင့် ဖြစ်ပေသည်။ ယခုသော်ကား မှန်နန်းသည် နေရာတိုင်းတွင် 'မှန်တိုင်း'အဖြစ် မရပ်တည်နိုင်တော့ပြီကို ရှေးခေါ် မြစေတီကျောက်စာ ယခုအခေါ် ဂူပျောက်ကြီး သို့မဟုတ် ရာဇကုမာရကျောက်စာက ထောက်ပြထားလေပြီ။

ယင်းမြစေတီကျောက်စာကြောင်းရေ (၁) မှ (၅) အထိတွင် ထီးလှိုင်ရှင်ကျန်စစ်သား၏ နန်းတက်သက္ကရာဇ်ကို ဤသို့ ရေးထိုးဖော်ပြထားသည်။
mgyoe.com

mgyoe.com

"ဂြိ။ နမောဗုဒ္ဓါယ၊ ပုရှာသွင် သာသနာအနှစ်တစ်ထောင် ခြောက်ရာနှစ်ဆာယ် ဟာစ်နှစ်လွန်လေပြီရကာ၊ ဤအရိမဒ္ဒနပုရမည်သောပြည်နို့က်အား၊ ဂြိတြိဘုဝနာဒိတျခမ္မ ရာဇ်မည်သောမင်း ဖြစ်၏" (ခေတ်ရေးနှင့် ဖလှယ်ပြီး)။

ယင်းကျောက်စာတွင် ဖော်ပြထားသော သာသနာနှစ် တစ်ထောင့်ခြောက်ရာ နှစ်ဆယ့်ရှစ် (၁၆၂၈) နှစ်တွင် သုမုန္တရီ ဖြိုခဲ့သည့် ဒေါဒေါရသ (၆၂၂) နှင့် ပုပ္ပားစောရဟန်း ဖြိုခဲ့သည့် ခ, ဆ, ပဥ္စ (၅၆၀) နှစ်ရပ်ပေါင်းဖြစ်သော တစ်ထောင့်တစ်ရာ့ ရှစ်ဆယ့်နှစ်နှစ် (၁၁၈၂) ကို နုတ်လိုက်လျှင် ကောဇာသက္ကရာဇ် ၄၄၆ ခု ရမည်၊ ယင်းသက္ကရာဇ်ကား ကျန်စစ်သားမင်း နန်းတက်သည့်နှစ် ဖြစ်လေသည်။ တစ်ခါ စာကြောင်းရေ ၁၃ နှင့် ၁၄ တွင် နှစ်ဆယ့်ရှစ် (၂၈) နှစ် မင်းမူကြောင်း ဖော်ပြထားသဖြင့် ၄၇၄ ခုနှစ်တွင် နတ်ရွာ စံကြောင်း သိရသည်။ ဤမြစေတီကျောက်စာလာ ကျန်စစ်သားမင်းကြီး၏ နန်းတက် နန်းစံ သက္ကရာဇ်များသည် ဇာတာခွင်နှင့် ဖော်ပြထားသော ဇာတာတော်ပုံ ရာဇဝင်အဆိုနှင့် လည်း ကိုက်ညီသည်။

ဤကျန်စစ်သားမင်းကြီး၏ နန်းတက်နန်းစံ သက္ကရာဇ်ကို ဗဟိုထားပြီး အထက် ဘက်သို့ ဆန်တက်သောအားဖြင့် စောလူးမင်းနှင့် နော်ရထာမင်းအထိ တွက်ယူသွားနိုင် သည်။ ထို့အတူ အောက်ဘက်သို့စုန်ဆင်းသောအားဖြင့် အလောင်းစည်သူ စသည်တို့၏ နန်းတက်နန်းစံနှစ်များကို တွက်ယူသွားနိုင်ပါသည်။ ဤတွင် သီဟိုဠ်ရှင်ဘုရားသမိုင်းနှင့် တိုက်ရိုက်ဆက်သွယ်လျက်ရှိသော အလောင်းစည်သူကိုသာ ဖော်ပြတော့မည်။

ကျန်စစ်သား နတ်ရွာစံသည့်နှစ်သည် အလောင်းစည်သူ နန်းတက်သည့်နှစ်ပင် ဖြစ်လေသည်။ သို့သော် မြစေတီကျောက်စာက ကျန်စစ်သား နန်းသက်ကို ၂၈ နှစ်ဟု ပြ၍ ဇာတာတော်ပုံ ရာဇဝင်က ၂၇ နှစ်ဟုပြသည်။ တစ်နှစ်ကွာသည်။ ဤတွင် ဇာတာ တော်ပုံ ရာဇဝင်အရ အပြည့်အစုံ ဖော်ပြရလျှင်–

"အလောင်းစည်သူ။ ။၄၅၅၊ ကြာသပတေးနေ့၊ နက္ခတ် ၈ လုံးတွင် ဖွား၏၊ ၁၈ တွင် နန်းရ၏၊ နန်းသက် ၅၆ နေရ၏၊ ၇၄ တွင် စုတေ၏။ အလောင်းစည်သူဇာတာ" (ဇာတာတော်ပုံရာဇဝင်၊ မျက်နှာ ၆၅) ဟူ၍ ဖြစ်သည်။

ဤဇာတာတော်ပုံရာဇဝင်အရ သက္ကရာဇ် ၄၅၅ ခုဖွား အလောင်းစည်သူမင်းသည် အသက် ၁၈ နှစ် (၄၅၅+၁၈)=သက္ကရာဇ် ၄၇၃ ခုနှစ်တွင် ထီးနန်းရ၍ နန်းစံ ၅၆ နှစ် (၄၇၃+၅၆)=သက္ကရာဇ် ၅၂၉ ခုနှစ်တွင် နတ်ရွာစံလွန်တော်မူကြောင်း သိရသည်။ သက်တော် စုစုပေါင်းကား (၁၈+၅၆)=၇၄ နှစ် ဖြစ်လေသည်။

သီဟိုဠ်ရှင် သမိုင်းကျမ်း စာမျက်နှာ ၇၄ နှင့် ၁၉၉ တို့တွင် အလောင်းစည်သူနှင့်

mgyoe.com

mgyoe.com
ပတ်သက်၍ သက္ကရာဇ် ၄၅၄ ခုနှစ်တွင် နန်းတက်၍ နန်းစံ ၇၅ နှစ် သက္ကရာဇ် ၅၂၉ ခုနှစ်တွင် နတ်ရွာစံကြောင်း ဖော်ပြထားသည်။ ၎င်းပြင် သက်တော်အနေဖြင့်လည်း အိမ်နိမ့် ၂၆ နှစ်၊ စည်းစိမ်တော် ၇၅ နှစ် နှစ်ရပ်ပေါင်း ၁၀၁ နှစ်ရှိကြောင်း ဖော်ပြထားသည်။

စာရင်းနှစ်ခု မည်မျှကွာခြားလျက်ရှိသည်ကို တွေ့ရပေမည်။ သို့သော် နတ်ရွာစံသည့်နှစ်ကိုကား လာပြီးကိုက်ညီနေပေသည်။ အမှားကြောင့် အမှန်ဖြစ်နေသည်ကို လုံလောက်သော အကိုးအကားတွေ့ရလျှင် ပြင်ဆင်ရပေမည်။ အမှားအမှန်ကို စိစစ်ဝေဖန်ပြရန်မှာ သမိုင်းပညာရှင်များ၏ မလွှဲမသွေ ဆောင်ရွက်ကြရမည့် တာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း တင်ပြလိုက်ရပေသတည်း။ ။

mgyoe.com

mgyoe.com

# လယ်တီအမွေ

ဒဂုန် ဦးလှဘေ
ဒဂုန်မဂ္ဂဇင်းကြီး အယ်ဒီတာဟောင်း

ကျွန်ုပ်အဖို့ မုံရွာသို့ မရောက်ဖူးပါ၊ သို့ရာတွင် ဆရာကပေးခဲ့သော မုံရွာသံယောဇဉ်အမွေခံ ယူရရှိသဖြင့် မုံရွာလယ်တီ အဆက်အနွယ်ကြီးငယ် လူရဟန်းများနှင့် ယနေ့သို့တိုင်အောင် အပြန်အလှန် သံယောဇဉ် အုံဖွဲ့လျက်ရှိနေလေသည်။

ကျွန်ုပ်အား ဒဂုန်မဂ္ဂဇင်း အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်စကပင် ဆရာက အိမ်သို့ခေါ်၍တွေ့ပါသည်။ တမင်ခေါ် ယူတွေ့ဆုံခြင်းအကြောင်းမှာ ဆရာကိုယ်တိုင် သတင်းစာများတွင် တွေ့သိထားသော ထိုခေတ်နိုင်ငံရေးအကြောင်းများနှင့် ပတ်သက်၍ အံကျော်တကြားဖြစ်သော လယ်တီစကြ်ကျောင်းဒကာကြီး၏ သားသမီးများဟု သတင်းရသဖြင့် ခေါ်တွေ့ခြင်းဖြစ်သည်။ ‘ဆရာ’ဆိုသည်မှာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးဖြစ်ပါသည်။

ဆရာကခေါ်တွေ့၍ မေးမြန်း စစ်ဆေးစဉ်က နိုင်ငံရေးဖြစ်ပျက်ခဲ့ပုံများကို နှစ်နာရီခန့်မျှ ညှစ်ထုတ်မေးမြန်းရာ နိုင်ငံရေး ပွဲကြီးပွဲကောင်းတွေ့ခဲ့ပုံ၊ နိုင်ငံရေးလမ်းကြောင်းတွင် ပဒေသာပင်ကြီးနှင့်အတွေ့မှာ အသီးအပွင့် လက်လှမ်းမီသမျှကိုသာ ဆွတ်ခူးခဲ့သည် မဟုတ်ဘဲ အကိုင်းအခက်တွေပါ တက်ချိုင်ရာက လိမ့်ကျခဲ့၍ ရန်ကုန်သို့ ပြေးလာခဲ့ရသည်အထိ ဆရာသိသွားတော့၏။

ဆရာသည် ရောက်လာသူတို့အား သက်ကြီးလေပွ စကားတံရှည် ပြောလေ့မရှိဘဲ မေးခွန်းတွေထုတ်၍ စုံစမ်းနားထောင်လေ့ရှိသည်ကိုမူ ဆရာ့ထံပါးသို့ ရောက်ဖူးသူတိုင်း

mgyoe.com

mgyoe.com
အမှတ်တရ ဖြစ်ကြမည်။ ကျွန်ုပ်အားလည်း မေးခွန်းများ မေး၍အပြီးတွင် နိုင်ငံရေးသတင်းများအသိနှင့် လူကောင်တွေ့၍ စုံစမ်းသိရသည့် အသိများအပေါ်တွင် ဘယ်လိုယူဆသည်မသိ၊ နောက်ဆုံး ဆရာက အမိန့်ချမှတ်လိုက်သည်ကတော့ "အေး...ငါနားလည်ပြီ။ မင်း ငါ့ဆီကို မပြတ်လာရမယ်။ မင်းလိုတာ ငါ့ပြော"ဟူသတည်း။

အနားတွင်ရှိနေသော ဆရာကတော် ဒေါ်အေးအားလည်း "ဟော့...ဒီကောင်ကို ထောင်နှင့်ချို၍ ယုံကြည်စိတ်ချ ကူညီလိုက်ပါ"ဟုလည်း အပ်နှံလိုက်၏။

ထိုသို့ ဆရာနှင့်တွေ့၍ တပည့်သားအဖြစ် အမွေးစားခံရသည်ကစပြီး ဆရာ့အိမ်သို့ မရောက်ဘဲမနေ အိမ်သားတစ်ယောက်ကဲ့သို့ဖြစ်သောကြောင့် ဆရာထံသို့ ဝင်လာမစဲ ရောက်လာကြသော မုံရွာမှဘုန်းကြီးများ၊ ရဟန်းငယ်များ၊ လူများကို အကျွမ်းတဝင်တွေ့ရသိရလေသည်။ မုံရွာမှ မပြတ်ရောက်သော အကြောင်းစာများ ကိစ္စအတွက်လည်း မုံရွာသတင်းနှင့် ရင်းရင်းနှီးနှီး ရှိခဲ့သည်။

ထိုအခါ ထိုအချိန်က မုံရွာများစပ်ကြားမှ လယ်တီအကျော်ရတဲ့၊ လယ်တီဂိုဏ်းကြီးမှ အညွန့်အညှောက် အလောင်းအလျာတစ်ပါး ဖြစ်ထွန်းလာအံ့သော ရဟန်းငယ်တစ်ပါး အကြောင်းကို သိထားရင်းရှိသည်။ နောက်မကြာမီ နှစ်အတွင်းတွင်ပင် ထိုလယ်တီအကျော်ရဆိုသူ ပဥ္စင်းငယ် ဆရာ့အိမ်ကိုရောက်လာ၍ တွေ့ဆုံရ၏။ ထိုပဥ္စင်းငယ်ကား လယ်တီဦးကောဝိဒ ဖြစ်သတည်း။

လယ်တီဦးကောဝိဒသည် လယ်တီအကျော်ရဟု ဆိုစလောက်သူ ဖြစ်ပေသည်။ သူ့၌ လယ်တီဂိုဏ်း၏ ထူးခြားချက် အမှတ်လက္ခဏာများ ပေါ်လွင်လျက်ရှိနေသည်။ ထိုလယ်တီဂိုဏ်း တံဆိပ်အမှတ်လက္ခဏာများမှာ စာတတ်ချင်းတူလျှင် မြန်မာစာပေ ဗဟုသုတ အခြံအရံနှင့်တကွတတ်သည်၊ စကားပြောတတ်သည်၊ စာရေးတတ်သည်၊ အဘိဓမ္မာမျက်စိရှိသည်၊ လူရည်လူသွေး လူစွမ်းလူစ ရှိသည်တို့ဖြစ်၏။ ပုဂ္ဂိုလ်အနေဖြင့် လယ်တီဦးကောဝိဒ၌ ထက်မြက်သော ကိုယ်စိတ်ရှိသည်က အောင်မြင်ကြောင်း အင်္ဂါတစ်ရပ်ဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းတွင် ဝပ်စင်းဖူးသူ ပင်မသာဝကကြီးများတွင် ဤလယ်တီတံဆိပ် အမှတ်လက္ခဏာ ထူးခြားချက်ကိုယ်စီ ရှိကြသည်သာများလေသည်။

ထိုခေတ်မှာ ၁၉၃၁ ခုနှစ် အစပြုသော နှစ်ကာလများဖြစ်၍ လယ်တီပင်မသာဝကကြီးများ အိုမင်းရင့်ရော်ရာက တစ်စတစ်စ ပျောက်ကွယ်နေချိန်ဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီး ကွယ်လွန်သွားပြီးနောက် လယ်တီမြင့်မိုရ်ကြီး ထူထောင်ရေးအတွက် တိုင်းပြည်နှင့်အဝှမ်း စိတ်စောလျက်ရှိကြသည့်အတိုင်း ဆရာတော်ကြီး ၁၂၈၅ ခုနှစ်တွင်
mgyoe.com

mgyoe.com
ပျံလွန်တော်မူပြီး နောက်နှစ် ၁၂၈၆ ခု (၁၉၂၄) သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့တွင် လယ်တီမြင့်မိုရ်တောင်ကြီး ထူထောင်ရေးအတွက် မုံရွာမြို့ လယ်တီတိုက်ကြီးတွင် အစည်းအဝေးကြီး ကျင်းပခဲ့ကြ၏။

ဤအစည်းအဝေးကြီးတွင် ရပ်ဝေးရပ်နီးမှ ဆရာတော်ကြီးများ လယ်တီ ဒကာ ဒကာမကြီးများ ရောက်လာကြ၍ မန္တလေးမြို့ စံကျောင်းဆရာတော်ကြီး ဦးစိန္တာက ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်၍ စစ်ကိုင်းတောင်၊ ရန်ကုန်ချောင် ဆရာတော် ဦးဓမ္မစာရီက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ကြွရောက်ကြသူ ဆရာတော်ကြီးများ၊ ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ် ဒကာဒကာမကြီးတို့မှာ လယ်တီဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ် ကိုယ်တိုင်ဖူးမြင်ရင်းနှီးကြသူ သက်ကြီးပိုင်းကသာ များလေသည်။

အစည်းအဝေးကြီးက ဆရာတော်ကြီး၏ ပုံတော်သွင်းရန် ပုံတော်ထားရန် ဂန္ဓကုဋိ အဆောက်အအုံကြီး ဆောက်လုပ်ရန် ဆရာတော်ကြီး၏ ဒေသနာ ဒီပနီကျမ်းကို ကျောက်ထက်အက္ခရာတင်၍ ကျောက်စာတိုင်များ စိုက်ထူရန်တို့ ဖြစ်၏။ ပြဖွယ်ကိစ္စများအတွက် တာဝန်ခွဲ၍ ဆပ်ကော်မတီခွဲများ ဖွဲ့ခြင်း စသဖြင့် ပြည့်ပြည့်စုံစုံ အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ရင်းများ ရှိသည်။

သို့ရာတွင် ဤမျှကြီးလေးသော လယ်တီ မြင်းမိုရ်တောင်ကြီး ထူထောင်ရေး အပြီးသတ်သို့မရောက်မီ ဆောင်ရွက်သူ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်ကြီးတို့မှာ အိုမင်းမစွမ်း ညှိုးနွမ်းကြရာက သူတစ်လှည့် ငါတစ်လှည့် ဆရာတော်ကြီးနောက်သို့ လိုက်ပါသွားကြကုန်တော့၏။ ထိုခေတ်အသိကလည်း ဘာသာရေး သာသနာရေးလုပ်ငန်းများမှာ လူကြီး သက်ကျားတို့နှင့်သာ ဆိုင်သည်ဟု ယူဆလေ့ရှိသဖြင့် လူရွယ်တို့ မပါဝင်သောကြောင့် ရှေ့လူနှင့်နောက်လူ ပေါင်းကူးဆက်သွယ်မိခြင်းမရှိ ဖြစ်ကြသည်။ ထိုခေတ်၏ ခွင့်ပြုသမျှသာ လုပ်ငန်းမပြီးသေးသဖြင့် အောင်မြင်ခြင်း အဆုံးသို့ မရောက်ခဲ့ ဖြစ်နေသည်။ ဆရာတော်ကြီးအား မမီလိုက်သူတို့အဖို့ လွမ်းဆွေးတမ်းတမှု မပြင်းထန်ကြသော်လည်း ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်သတင်းနှင့် ဂိုဏ်းဂဏအတွက် တာဝန်ရှိကြသည့်အတိုင်း ထိန်းသိမ်းစောင့်ရှောက်မှု တာဝန်ကို ယူကြသည် မှန်၏။ သို့ရာတွင် ရှေ့သို့ တိုးချဲ့အညွန့်ထွက်ရေးကိုမူ ရာဇဝင်ပေးကိုသာ စောင့်မျှော်ကြရမည့်ပုံ ဖြစ်နေတော့သည်။

လူတို့တွင် အရည်အသွေး အမျိုးအစားခွဲလျှင် စောင့်ထိန်းခြင်း ဒါရဝမ်စိတ်ရှိသူ တစ်မျိုးနှင့် တီထွင်ဖန်တီးစိတ်ရှိသူ ဟူ၍ နှစ်မျိုးကွဲပြားလျက်ရှိသည်။ လုပ်ငန်းတာဝန်များတွင် ဒါရဝမ်စိတ်ဖြင့် လုပ်ထုံးလုပ်မြဲမူဖြင့် လုပ်သူကတစ်မျိုးနှင့် တီထွင်ဖန်တီးစိတ်ဖြင့် လုံ့လစိုက်၍ တာဝန်ခံယူ လုပ်တတ်သူမျိုးများကို ဆိုလိုသည်။ ဤသဘောအတိုင်းပင်
mgyoe.com

mgyoe.com
လုပ်ငန်းတစ်ရပ်တွင် စောင့်ထိန်းခြင်းလုပ်ငန်းနှင့် တီထွင်ဖန်တီးခြင်းလုပ်ငန်းများ ရှိစမြဲဖြစ်သည်။ ယခု လယ်တီဂိုဏ်း ရေးရာတွင်လည်း ထိန်းသိမ်းရေးအပိုင်းသာ ရှိနေ၏။ ထိုထိန်းသိမ်းရေးပိုင်းသည်ပင်လျှင် ကာလ ဒေသ ပုဂ္ဂလ ပယောဂ အားလျော်စွာ တိုးတက်ပြောင်းမြောက်မှုမရှိဘဲ တစ်ထစ်မှ တစ်ထစ်သို့ ကျဆင်းမှေးမှိန်လာနေသဖြင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ပူပန်ကြောင့်ကြစကား ကြိမ်ဖန်များစွာ ပြောဆိုညည်းတွားလေ့ရှိ၏။ မုံရွာပရိသတ်များနှင့် ဆုံစည်းမိတိုင်းလည်း လှုံ့ဆော်လျက်ရှိ၏။

ဤအချိန်တွင် သလ္လာဝတီကမ်းခြေ အေးရပ်မြေသို့ ပုပ္ပားရပ်နေ မြက်ခြောက်မြေမှ လယ်တီတမန်တစ်ယောက် ဘိုးဘိုးက ပို့လိုက်သကဲ့သို့ ရောက်လေသတဲ့။ သိကြားမင်း ပဏ္ဍုကမ္ဗလာတင်းသည်ဟူ၍ စာဖွဲ့လောက်စရာ ထိုပုပ္ပားသား ကိုရင်ကောဝိဒမှာ အင်မတန်ဉာဏ်ကောင်းသည်၊ မွေးပါပဋိဘာန် ထိုးထွင်းသိ ပါရမီဉာဏ်ရှိသည်ဟု အကဲဖြတ်မိကြသဖြင့် လယ်တီအကြီးအကဲတို့က အားရဝမ်းသာ အလားအလာ မွေးမြူကြသတတ်။

လယ်တီနိကာယ ဂိုဏ်းကြီး၏နာယက အကြီးအကဲ ဆရာတော်ကြီးများ မျှော်လင့်သည့်အတိုင်း ကိုရင်ကောဝိဒဘဝမှ လယ်တီဦးကောဝိဒအဖြစ်သို့ အလားအလာကောင်း ပုဂ္ဂိုလ်တစ်ဦးအဖြစ် ပေါ်ထွန်းခဲ့လေပြီ။ လယ်တီပင်အိုကြီးတို့မှ ချပေးသော မျိုးစေ့မြေဩဇာ လယ်တီရသာများကို စားသုံး ခံယူရသဖြင့်လည်း လယ်တီစိတ်၊ လယ်တီကာယလည်း ဖွံ့ဖြိုးလျက်ရှိနေပြီ။ လယ်တီဂိုဏ်းစောင့်တာဝန်၊ လယ်တီနိကာယလုပ်ငန်းများကို ခေတ်အခါအလျောက် ဘယ်ကဲ့သို့ လုပ်ဆောင်သင့်သည်ကိုလည်း ခံယူသိတတ်သူ ပုဂ္ဂိုလ်တစ်ဦးဖြစ်သဖြင့် ဝိုင်းအုံကြိုဆိုလျက်ရှိပြီ။

လယ်တီဦးကောဝိဒသည် လယ်တီဆရာတော်ဘုရားကြီး၏ မေတ္တာအာရုံဖြစ်သော နွားသားရှောင်ကြဉ်ရေး၊ နွားမသတ်ရေးလုပ်ငန်းအတွက် ဆရာတော်ကြီး၏ကျေးဇူးကို စောင့်သိရိုသေအားဖြင့် ၁၂၉၈ ခုနှစ်၊ တပေါင်းလဆီက ဝေါသုခဒီပနီ ခေါ် နွားများချမ်းသာရေး၊ လွတ်လပ်ရေးစာတမ်း စာအုပ်ငယ်ရေးသား၍ တစ်ပြည်လုံးအနှံ့အပြား ဝေငှခဲ့၏။ ထိုစာအုပ်ငယ်နိဒါန်းတွင် ရေးသားဖော်ပြချက်များအရ လယ်တီဦးကောဝိဒ၌ မိမိပုဂ္ဂိုလ်ရေး၏ တည်ရာမှီရာဖြစ်သော လယ်တီဂိုဏ်း ဂိုဏ်းကျေးဇူးလုပ်ငန်း လုပ်ဆောင်ပုံများ ပေါ်လွင်လျက်ရှိနေလေသည်။

မုံရွာ လယ်တီတိုက်ကြီးတွင်လည်း ရဟန်းတို့၏ ပင်မလုပ်ငန်းတာဝန်ဖြစ်သော စာပေပရိယတ် သင်ကြားတတ်မြောက်ပြီးသည့်အဆုံး၌ တစ်ဖန် နောက်သားတို့အား ဆင့်ပွားပြန်လည်ပို့ချရေးအတွက် တာဝန်မပျက်စေခဲ့ရုံမျှမက လယ်တီဘွဲ့ဂုဏ်နှင့် ထိုက်တန်လေအောင် တတ်အပ်ရာရာ မြန်မာမှု၊ မြန်မာစာ၊ မြန်မာကဗျာ အတတ်ပညာရပ်ကို ပါဠိ

mgyoe.com

mgyoe.com
စာပေ ပို့ချသကဲ့သို့ မန္တလေးမြို့ စကုတိုက် သဒ္ဒမ္မဇောတိကာရုံအုတ်ကျောင်းကြီးတွင် စာဝါလုပ်၍ ပို့ချခဲ့သေး၏။ စာလိုက်ရဟန်းသံဃာများလွန်း၍ နေရာမဆံ့သဖြင့် အိမ်တော်ရာဘုရား ၁၄ ခန်း ဇရပ်ကြီးသို့ ရွှေ့ပြောင်း၍ ကဝိဘာရတီကဗျာသင်တန်း ပို့ချခဲ့လေသည်။ ထိုသို့ ကဗျာအတတ်ပညာ စာဝါပို့ချမှုကား သာ၍ အထူးချီးကျူးဂုဏ်ပြု အပ်ပေသေး၏။ ရိုးရိုးကဗျာ သင်တန်းမျိုးမဟုတ်ဘဲ သဒ္ဒါဗျာကရဏ်းကျမ်းများကဲ့သို့ ကဗျာသုတ်၊ ဝုတ္တိ၊ ဗျုပ္ပတ်၊ ဥဒါဟရဏ်နည်းဖြင့် ပို့ချသောကြောင့် စာသင်သားတို့အဖို့ သဘောပေါက်လွယ် တတ်လွယ်ဖြစ်သဖြင့် စာသင်သား ရဟန်းငယ်များလောကတွင် အထူးနာမည်ရ၍ လယ်တီဂုဏ် ပြန့်ပွားစည်းရုံးမိလျက်သား ဖြစ်ခဲ့လေသည်။ လယ်တီဆရာတော်ဘုရားကြီး၏ ကဗျာဉာဏ်များကို ဂုဏ်ပြုကျေးဇူးဆပ်ရာ ရောက်ပေသည်ဟုလည်း ဆိုနိုင်လေသည်။ လယ်တီဦးကောဝိဒ၏ နည်းသစ်တွင် ကဗျာပညာပြ 'ကဝိဘာရတီကျမ်း' ထင်ရှားတည်ရှိရစ်၏။

လယ်တီဦးကောဝိဒသည် မိမိတတ်သိသမျှသော ပါဠိ ပိဋကတ် လောကီလောကုတ္တရာ ပညာရပ်များကို ပြည်သူလူအများအတွက် အသုံးဝင်အောင် အသုံးချတတ်၏။ အလုပ်ဖြစ်အောင် ဖန်တီးလုပ်တတ်သော လူစွမ်းရှိသည်။ ဗီရိုထဲတွင် အိပ်နေသော စာထုပ်ကြီးပမာ မဖြစ်စေ၊ ရဲရဲရင့်ရင့် ပွဲလယ်တင့် ဂုဏ်ရည်ဖြင့် လေ့လာတတ်သိသမျှ ပညာကို အသုံးကျစေသည်မှာ ထင်ရှားဖြစ်၏။ ပညာရပ်ကိုအသုံးဝင်အောင် အသုံးချတတ်မှုသည် လယ်တီဦးကောဝိဒ၏ လုပ်ရည်ကိုင်ရည်ပြလက္ခဏာများဖြစ်၏။

ဤစကားရပ်များဖြင့် လယ်တီအကျော်ရ အညွန့်အညှောက် အလောင်းလျာဟု ဆိုခဲ့ရာမှ လယ်တီဦးကောဝိဒအား လယ်တီဂိုဏ်းကြီးအတွက် ခေတ်သစ်နေရာတွင် ရာဇဝင်ပညာပွင့်ထွန်းသူအဖြစ် ရောက်ခဲ့လေပြီးတည်း။

တစ်ဖန်တုံ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၌ တာဝန်ရှိအနေဖြင့် ကြောင့်ကြမှုကြီးနှစ်ခုရှိနေသည်။ တစ်ခုမှာ လယ်တီမြင့်မိုရ်ကြီး ထူထောင်ရေးနှင့် အခြားတစ်ခုက ဒဂုန်မဂ္ဂဇင်းကြီးအရေး ဖြစ်သည်။ ထိုအရေးကိစ္စနှစ်ခုတွင် လယ်တီနှင့်ဒဂုန်သည် အတွဲလိုက်ဖြစ်နေသဖြင့် ဉာဏ်ရည်ဉာဏ်သွား ချွန်ထက်ခြင်းနှင့်တကွ အလားအလာရှိသူဟု အကဲဖြတ်ထားသော ရှင်ကောဝိဒအား လယ်တီအကျော်ရ အမည်ရသကဲ့သို့ပင် ဒဂုန်အကျော်ရ အဖြစ် ဆရာက မြေတောင်မြှောက်ခဲ့ခြင်းရှိသည်။

ရှင်ကောဝိဒအား ပါဠိဘက်တွင် ဉာဏ်လျှင်သကဲ့သို့ မြန်မာမှု မြန်မာစာပေ အရေးအသားတတ်ကျွမ်းဖို့ သွန်သင်လှုံ့ဆော်ခဲ့သည်။ မြန်မာစာပေအရေးအသား သင်တန်းပေး၏၊ လေ့ကျင့်စေ၏၊ ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုနည်း ခေတ်မီစေရန်
mgyoe.com

mgyoe.com
ညွှန်ကြား၏။ ပါဠိဘာသာကို တကယ်ကျွမ်းကျွမ်းကျင်ကျင်တတ်လျှင် ရေးတတ် ပြောတတ်ရှိသည်အထိ ပြည့်စုံစေရမည်ဟု ဩဝါဒပေးသည်။ ပါဠိမှရရှိသမျှ အသိများကို မြန်မာစာပေ အရေးအသားမတတ်က မြန်မာ ပြည်သူပြည်သားတို့အတွက် အသုံးမချတတ် သကဲ့သို့ ဖြစ်သည်။ ဆရာသည် ရှင်ကောဝိဒအား မြန်မာစာပေ အရေးအသားများ တတ်ကျွမ်းစေမှုကို အားပေးပြုစုခဲ့၏။ မြန်မာစာပေမျှသာမကသေး ပါဠိစာပေများနှင့် နီးနွယ်ရာ သက္ကတဘာသာစာပေများကိုလည်း သင်ကြားတတ်မြောက်စေရန် တိုက်တွန်းခဲ့လေသည်။

ဤနည်းဖြင့် လယ်တီဦးကောဝိဒသည် ပါဠိ၊ မြန်မာ၊ သက္ကတဘာသာမှစ၍ ဉာဏ်ကွန့်မြူးနိုင်သော အခြေခံရှိသည်နှင့်အမျှ ဒဂုန်စင်တော်ကြီးသို့ တင်ခဲ့လေသည်။ ၎င်းအား ဆရာ၏နေရာ ဆက်ခံရန် အလောင်းလျာအဖြစ် ကြေညာသတ်မှတ်လိုက်ခြင်းပင် ဖြစ်သည်။ လယ်တီဦးကောဝိဒ အမည်ဖြင့်လည်းကောင်း၊ ပုပ္ပားဦးကျော်ရင်အမည်ဖြင့် လည်းကောင်း ခေါင်းဆောင်စာကြီးများကဏ္ဍတွင် နေရာပေးခဲ့၏။ သလ္လာဝတီတင့်အုံ အမည်ဖြင့် ယုဝတီစက္ခုခန်းတွင် ရေး၏။ ထိုထိုစာများ ရေးသားမှုတွင် ထူးခြားချက်မှာ ဒဂုန်မဂ္ဂဇင်းကြီးတွင် အခြားစာပေကဏ္ဍများကို သူသူငါငါ ရေးသားနိုင်ဖွယ်ရှိသော်လည်း နီတိကဏ္ဍမှာမူ လက်ရွေးပေလိမ့်မည်။ ဒဂုန်၏နီတိကဏ္ဍသည် ပါဠိမြန်မာတို့တွင်မရှိသော သက္ကတနီတိများမှ ဆရာ ယူ၍ ရေးသားခဲ့သဖြင့် မြန်မာပြည်တွင် ဆန်းသစ်သော နီတိ အသိများဖြစ်နေသောကြောင့် ဆရာ့နီတိကြောကို လိုက်နိုင်ရန် လက်ရွေးရပေမည်။ ထိုလက် အတွက် လယ်တီဦးကောဝိဒ ပုပ္ပားဦးကျော်ရင်အဖို့ အခွင့်ကောင်းကြီး ဖြစ်လာလေတော့၏။

ဒဂုန်မဂ္ဂဇင်းကြီးတွင် ဆရာကိုယ်တိုင်ရေး နီတိကဏ္ဍအပြင် ပုပ္ပားဦးကျော်ရင်အား နီတိတစ်ခုရေးပြု ထည့်သွင်းခဲ့သည့်အကြောင်းမှာ ဆရာနေရာတွင် ဆက်ခံနိုင်သော အရည်အသွေးရှိသူကို စာဖတ်ပရိသတ်တို့အား ကျွန်ုပ်တို့အစီအစဉ်ဖြင့် မိတ်ဆက်ပွဲထုတ်ခဲ့ခြင်း ဖြစ်သည်။ ဆရာသည် နှစ်ပေါင်းများစွာ လက်နှင့်စာ မပြတ်ခဲ့သဖြင့် လက်ပန်းလည်း ကျလာပြီ၊ အလုပ်မှရပ်နား၍ သန္တိသုခ ငြိမ်းအေးချမ်းသာနေရန် ကြံတင်စီမံလေသည်။

ဆရာမျှော်လင့်သည့်အတိုင်း လယ်တီ ဦးကောဝိဒ ပုပ္ပားဦးကျော်ရင်သည် သူ၏ ပါရမီရင်းခံ ဉာဏ်ရည်ဉာဏ်သွေးဖြင့် မြန်မာစာပေဘက်တွင် ထူးချွန်သော စာရေးဆရာကြီး တစ်ယောက်အဖြစ် ပြောင်မြောက်ခဲ့၏။ ပညာရှာ လေ့လာမှု အခြေခံကောင်းသဖြင့် အလားအလာရှိသော ပညာရှင် စာရေးဆရာကြီးတစ်ဦးအဖြစ် အရှိန်ကောင်းတုန်းတွင် လူသားတို့အားနှိပ်စက်သော စစ်ဘေးစစ်အန္တရာယ်ကြီးနှင့် ကြုံတွေ့ရလေတော့၏။ ကျွန်ုပ်တို့ လယ်တီနှင့်ဒဂုန်မဂ္ဂဇင်း သွေးချင်းသားချင်းတို့စပ်ကြားမှ ပုပ္ပားဦးကျော်ရင်တစ်ယောက် အသက် ၃၈ နှစ်အရွယ်တွင် ပျောက်ကွယ်သွားလေတော့ပြီ။ ပုပ္ပားဦးကျော်ရင်အဖို့ ကံကြမ္မာ
mgyoe.com

mgyoe.com
ဖန်တီးလာသကဲ့သို့ ဖြစ်၏။ စစ်ပြေးရာ တောရပ်နယ်တွင် လူမိုက်ဘေးနှင့် တွေ့သွားရလေသည်။ လူမိုက်မှာ ဆေးမရှိဆိုသော စကားအတိုင်းပင် လူမိုက်မျိုးသည် ရန်ကုန်မြို့တော်ကြီး၏ အချက်အချာဖြစ်သော အတွင်းဝန်များရုံးကြီး အထက်သို့တက်၍ အမျိုးသားခေါင်းဆောင်ကြီးများအား ဖျက်ဆီးပစ်လိုက်ရန်လည်း ဝန်မလေး။ ပုပ္ပားရိပ်နေတောရပ်မြေတွင်လည်း လူမိုက်သဘာဝ ပညာရှင်စာရေးဆရာကြီးတစ်ဆူဖြစ်သူ ဒဂုန်မဂ္ဂဇင်းကြီး၏ အယ်ဒီတာချုပ် ပုပ္ပားဦးကျော်ရင်အားလူမိုက်၏ ဖျက်ဆီးခြင်း ခံရသဖြင့် ဆရာ့အမွေကြီးတစ်ခု ဆုံးရှုံးခြင်းမက ဆုံးရှုံးခဲ့ရသတည်း။

လယ်တီဦးကောဝိဒ ဒဂုန်မဂ္ဂဇင်းကြီး၏ အယ်ဒီတာချုပ် စာရေးဆရာကြီး ပုပ္ပားဦးကျော်ရင်အား ဂုဏ်ပြုအထိမ်းအမှတ် ဤစာတန်းနှင့်အတူ စိုက်ထူထားသော ကျောက်တိုင်သည် လယ်တီဆရာတော် ဘုရားကြီးနှင့် လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီးတို့၏ လယ်တီအမွေကို နောက်သားတို့ ဆက်ခံကြရန် လက်ညှိုးထိုး ညွှန်ကြားခြင်း ဖြစ်ပါစေသောဝ်။ ။

၉-၉-၇၁

mgyoe.com

mgyoe.com

# အမြင်သန်သော ကဝိ၏မျက်လုံး

မြကေတု

“ကြည့်တတ်သောသူသည် မြင်သည်” ဟူသော စကားမှာ ရိုးရိုးပင်ဖြစ်သော်လည်း အဓိပ္ပာယ်မှာ အထူးလေးနက်လှပေသည်။ လူတိုင်း၌ မျက်လုံးနှစ်ဖက်ရှိသော်လည်း ထိုမျက်လုံးကို အသုံးချ၍ကြည့်ရာ၌ အချို့က ပေါ့ပေါ့ဆဆ ကြည့်တတ်ကြသည်၊ အချို့က အပေါ်ယံကြည့် ကြည့်တတ်ကြသည်၊ အချို့ကမူ အတွင်းကြည့် ကြည့်တတ်ကြသည်။ အသိစိတ်သည် အမြင်၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါတတ်ပေသည်။ ပေါ့ပေါ့တန်တန်မြင်ပြီးမှ ပေါ့ပေါ့တန်တန် သိခြင်းဟူသည်ကား ပညာရှိသူတော်ကောင်းတို့၏ အမြင်မျိုးမဟုတ်ကုန်။ ထို့ကြောင့် အမြင်သန်သော ကြည့်နည်းမျိုးဖြင့် ကြည့်ရာသည်။ ထိုအမြင်၏ နောက်သို့လည်း ထက်ကြပ်မကွာလိုက်၍ နက်ရှိုင်းသော အသိမျိုးဖြင့်လည်း သိရာသည်။ ထိုသို့မြင်သိကုန်သော သူတို့အား ပညာရှိဟု လူတို့ဆိုကုန်သည်။

အတ္တကဝိ၊ စိန္တာကဝိ၊ သုတကဝိ၊ ပဋိဘာနကဝိ ဟူသော ထိုကဝိတို့သည် ကြံလည်း ကြံတတ်ကြကုန်သည်၊ အကြားအမြင်လည်း များကြကုန်သည်၊ ချဲ့ထွင်ဉာဏ်လည်း ရှိကြကုန်သည်။ ထိုကဝိတို့၏ဥစ္စာကား ကဗျာမည်၏။ ထိုကဝိတို့သည် ကဗျာတည်းဟူသော ဥစ္စာကို စုဆောင်းတတ်ကြကုန်သည်။ ယူတတ်သည့်သူကိုလည်း ပေးတတ်ကြကုန်သည်။ ဤကဝိတို့၏ ဥစ္စာကား ကုန်ခန်းသည်ဟူ၍မရှိ။

ဤသို့သော ကဝိတို့အနက် အမြင်သန်သောကဝိ၊ မိမိဥစ္စာကိုပေးလှူ၍ မရောင့်ရဲနိုင်သော ကဝိတစ်ဆူကား ပထမကျော် လယ်တီဦးကောဝိဒ (ဝါ) ပုပ္ပား ဦးကျော်ရင် ပေတည်း။

လယ်တီ ဦးကောဝိဒအား အဘယ်ကြောင့် အမြင်သန်သော မျက်စိရှိသူဟူ၍ ဆိုပါလေအံ့နည်း။ ဆရာတော်သည် ခေတ်အချိန်အခါကို ကြည့်တတ်မြင်တတ်သော

mgyoe.com

mgyoe.com
ကြောင့် ခေတ်က တောင်းဆိုမျှော်လင့်နေသော ဆန္ဒကို မြင်တွေ့သူဖြစ်၏။ ဖြည့်စွမ်းသူလည်း ဖြစ်၏။ ဆရာတော် ခေတ်ကို ရှုမြင်တွေ့သောအချိန်ကား မြန်မာများ နိုးကြားချိန်ဖြစ်သော ၁၉၂၅ ခုနှစ်ခန့်က ဖြစ်ပေသည်။

ထိုအခါက မြန်မာများ ကျွန်သပေါက်ဘဝ၌ ကျရောက်နေချိန်ဖြစ်သဖြင့် ဆင်းရဲပင်ပန်း နွမ်းနယ်လျက်ရှိကြကုန်၏။ ကျွန်အဖြစ်မှလည်း လွတ်လိုစိတ် ပြင်းစွာဖြစ်ကြကုန်၏။ ထိုကျွန်ဘဝသည်ကား အမှောင်ဖုံးသော ခေတ်ပေတည်း။ လွတ်လပ်စွာလည်း မရေးနိုင်၊ လွတ်လပ်စွာလည်း မတွေးနိုင်၊ မြန်မာ့ယဉ်ကျေးမှုများလည်း ဆိတ်သုဉ်းနေကြရကုန်သောခေတ်တည်း။ "မသိလို့သာ ကောင်းကြပေမှာပေါ့၊ သိပါလျှင် ဘယ်မှာကောင်းပါလိမ့်၊ အကြောင်းဖြင့် မဖြေသာ၊ ပြည်မြန်မာမှာ၊ ခေကြမ္မာအလွန်းဆိုးသော်ကြောင့်၊ ကျွန်မျိုးသာဖြစ်ကြရလေတော့သတည်း"ဟူသော အဆိုကဲ့သို့ပင် အင်္ဂလိပ်လူမျိုးတို့၏ သဘောကို မသိ၍သာ ကောင်းသည် ထင်ကြကုန်၏။ အလွန်ချုပ်ချယ်မှန်း သိကြသူတို့ကား အင်္ဂလိပ်ကို ရွံမုန်းကြကုန်၏။ အင်္ဂလိပ်သည် မြန်မာ့ယဉ်ကျေးမှု ပြန်လည်ထွန်းကားရေးကိုပင် အားမပေး၊ ယဉ်ကျေးမှု၏ အသက်ဖြစ်သော "ကဗျာအရေးအသား၊ ကဗျာ၏ထွန်းကားမှု"စသည်တို့ကိုပင် ချိုးနှိမ်နိုင်သလောက် ချိုးနှိမ်ထားခဲ့၏၊ သတင်းစာများမှ ထုတ်နိုင်အောင်ပင်လည်း အာမခံငွေများကို သိမ်း၏။ ကဗျာသည် စင်စစ် လူထု၏လက်တွင်းသို့မရောက်ခဲ့၊ နန်းတော် အိမ်တော်များ၌သာ ရှေးအခါက ထွန်းကားခဲ့သော်လည်း ဆင်းရဲသားလူထုလက်တွင်းသို့ မသက်ဆင်းခဲ့၊ ခေတ်အဆက်ဆက် ပေပုရပိုက်ပေါ်၌သာ အိပ်နေခဲ့၏။ နန်းတော် အိမ်တော်များ၌သာ လေ့လာသော ကဗျာမျိုး၊ နန်းတွင်း၌သာ ဖိမ်ခံပစ္စည်းမျိုးအဖြစ်ရောက်ရှိနေရာက တဖြည်းဖြည်း ဆင်းရဲသားလူထု၏ လက်တွင်းရောက်လာသည်။ ကဗျာ၏ အဖိုးတန်ပုံကိုလည်း လူထုက သိလာခဲ့သည်။ အင်္ဂလိပ်ကို တော်လှန်ရာ၌ ကဗျာလက်နက်သည် အရေးပါ အရာရောက်သော လက်နက်တစ်ခု ဖြစ်ခဲ့သည်ကို မြန်မာများ သိစပြုလာသည်။ လွတ်လပ်ရေးကို ကြိုးပမ်းရာ၌ စကားပြေအရေးအသားမျိုးထက် ကဗျာအရေးအသားမျိုးနှင့် လူများကိုလှုံ့ဆော်ခြင်း၊ ဓာတ်မာန် တက်စေခြင်းတို့က ပိုမိုထိရောက်ကြောင်းကို မြန်မာတို့ မြင်လာကြသည်နှင့် ကဗျာကို ရေးစမ်းလာကြကုန်သည်။ သို့သော် ကဗျာကို ဝါသနာပင်ပါသော်လည်း စပ်ပုံစပ်နည်းကိုမူကား တိတိကျကျမသိ၊ စမ်းတဝါးဝါးနှင့်သာ ရှိနေကြကုန်သည်။ ကဗျာစည်းကမ်း နည်းလမ်းကို မသိကြသည်နှင့် ပေါက်ကရ တဖျင့်တပါး ကဗျာမမည်၊ အောက်ကလိအာများ ပေါ်ထွက်လာကြကုန်သည်။ ထို့ကြောင့် ကဗျာကို ထိထိရောက်ရောက် သင်ကြားလိုလာကြသည်။ သင်ကြားပြသပေးမည့် ဆရာကိုလည်း တောင့်တကြကုန်သည်။ ကဗျာကိုစပ်ဖွဲ့ရာ၌ ပါဠိ

mgyoe.com
သက္ကတဘာသာတို့ကို ကျွမ်းကျင်လေမှသာ တတ်မြောက်နိုင်မည်ဟု အထင်မှားကြလေသောကြောင့်လည်း ကဗျာလိုက်စားမှုမှာ နောက်တွန့်သွားပြန်သည်။ ရှေးအခါက မော်ကွန်း၊ ဧချင်း၊ ရဲတင်း၊ တေးတပ်၊ လေးချိုးတို့သည် လူတို့၏စိတ်ကို လှုပ်ရှားစေခဲ့သည်။ ဇာတိမာန်ကိုလည်း တက်ကြွစေခဲ့သည်။ ယခု အင်္ဂလိပ်လက်အောက် ကျွန်သပေါက် ဘဝတွင်လည်း ဤလက်နက်ဖြင့်သာလျှင် ဇာတိမာန်ကို တက်ကြွစေလျှင် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်ဟု လူတိုင်း၏စိတ်ဝယ် ထင်မြင်ကြကုန်သည်။

လယ်တီဦးကောဝိဒသည် ၁၉၂၅ ခုနှစ် အချိန်လောက်ပင် ကဗျာလင်္ကာများကို လိုက်စားပြီး မြန်မာပြည်အရပ်ရပ်မှ ကဗျာလင်္ကာဟူသမျှကို စုဆောင်းထားရှိသူ ဖြစ်သည်။ ထိုအခါ မြန်မာပြည်အရပ်ရပ်ရှိ လူအပေါင်းတို့သည် ကဗျာကို သင်ကြားလိုကြသောကြောင့် နည်းပေးလမ်းညွှန်မည့်ဆရာကို ရှာကြံကြရာဝယ် ဦးကောဝိဒကို မန္တလေး၌ တွေ့မြင်ကြလေတော့သည်။

၁၉၃၂ ခုနှစ်သည် မန္တလေးမြို့၌ 'ကဗျာသင်ကြားမှု' အုတ်မြစ်ချသော (ဝါ) အခြေတည်သောနှစ် ဖြစ်လေသည်။ ထိုအခါက လယ်တီဦးကောဝိဒမှာ လေးဝါရ ဆရာတော်မျှသာ ဖြစ်သေးသည်။ သက်တော်မှာလည်း ၂၄ နှစ် အရွယ်မျှ ရှိသေးသည်။ မန္တလေးအနောက်ပြင် 'စကုတိုက်'၌ သီတင်းသုံးနေဆဲအခါလည်း ဖြစ်သည်။ ဆရာတော်အား လူအပေါင်းတို့နှင့်တကွ ရဟန်းသံဃာတော်များကပါ ကဗျာကို သင်ကြားပို့ချပါရန် တိုက်တွန်းတောင်းပန်ကြသဖြင့် ဆရာတော်သည် ယင်းစကုတိုက်ရှိ 'သဒ္ဓမ္မဇောတိကာရုံ' ကျောင်း၌ ကဗျာသင်တန်းကို စတင်ပို့ချလေတော့သည်။ ထိုကဗျာသင်တန်းကို ဆရာတော်သည် စနစ်တကျ သင်ကြားပို့ချသည်။ ရဟန်းရှင်လူများသာမက ဆရာ ဆရာမ ကျောင်းသူ ကျောင်းသား ၆၀၀ ကျော် တက်ရောက်သင်ကြားကြသဖြင့် စာသင်ခန်းနေရာ ကျောင်းတော်ကြီးမှာ နေရာမဆံ့သဖြင့် ထိုကျောင်းတိုက်မှသည် အိမ်တော်ရာ ၁၄ ခန်း ဇရပ်ကြီးသို့ ပြောင်းရွှေ့သင်ကြားကြရတော့သည်။

မြန်မာပြည်တွင် ပထမဆုံးပေါ်ပေါက်လာသော ဤသင်တန်းကို ဆရာတော် ဦးကောဝိဒကိုယ်တိုင်က 'ကဗျာ့မျက်လုံး' သင်တန်းဟူ၍ အမည်ပေးခဲ့သည်။ ဆရာတော်၏ ဆန္ဒမှာ မျက်လုံးဟူသည် အမြင်သန်ပါမှ မြင်တတ်မည်၊ မြင်တတ်မှသာ သိမည်၊ သိမှသာ ဖွဲ့ဆိုနိုင်မည်။ ထို့ကြောင့် ကဗျာသင်သူတိုင်း ကဗျာ့မျက်လုံးမျိုး ရှိသင့်သည်ဟု ယူဆသည်။ ထို့ကြောင့်လည်း နောင်သောအခါ ကဗျာကျမ်းတစ်စောင်ကို ရေးသားပြုစုရာ၌ ယင်းကျမ်းကို 'ကဗျာ့မျက်လုံး၊ ဗျာကရဏ်း'ကျမ်းဟု အမည်တွင်သည်။ ယင်းကျမ်းကို စာအုပ်အဖြစ် နောင်ထုတ်ဝေသည့်အခါ၌ကား 'ကဝိဘာရတီကျမ်း'ဟု အမည်ပေးလေသည်။
mgyoe.com

mgyoe.com
ယင်းကျမ်းကို ၁၉၃၄ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်းတိုက်မှ ထုတ်ဝေလေသည်။ 'ကဝိဘာရတီ' ဟူသောအမည်မှာ အနက်အဓိပ္ပာယ်နှင့် ပြည့်စုံသည်။ 'ပညာရှိတို့၏ အစီအကုံးအနှုန်း အဖွဲ့'ကျမ်းဟူ၍ ဆိုနိုင်ပါသည်။

ဤကျမ်းကို ပြုစုရေးသားသောအချိန်အခါ၌ ဆရာတော်သည် ရန်ကုန်မြို့ 'ဒဂုန်' မဂ္ဂဇင်းတိုက်ကြီးတွင် ပုပ္ပားဦးကျော်ရင်ဟူသော အမည်ဖြင့် ဒုတိယအယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်နေချိန်ပင် ဖြစ်လေသည်။

ဆရာတော် ဦးကောဝိဒသည် မန္တလေးမြို့ အိမ်တော်ရာ ၁၄ ခန်းဇရပ်တွင် ကဗျာ သင်တန်းကို ပို့ချစဉ်အခါက ရဟန်းရှင်လူအပေါင်း ၆၀၀ ကျော် တက်ရောက်သင်ကြား ကြသည်ဟု အဆိုရှိပါသည်။ ဆရာတော်ပို့ချသော သင်တန်းမှာ ပို့ချပုံပို့ချနည်းမှစ၍ အသစ်အဆန်းထွင်ထားသော နည်းသစ်ဖြစ်လေသည်။ ကဗျာလိုက်စားသူတို့သည် ယင်း နည်းဖြင့် သင်ကြားကြရာ၌ နှစ်လအတွင်း၌ပင် ကဗျာစပ်ဖွဲ့နည်း အခြေခံကို ရရှိနိုင်ကြ သည်ဟု ဆိုပါသည်။ ဆရာတော်သည် ရှေးရှေးသော နည်းဟောင်းကိုမသုံးဘဲ 'သုတ်'၊ 'ဝုတ္တိ'၊ 'ဗျုပ္ပတ္တိ'၊ 'ဥဒါဟရဏ်' လေးမျိုးကို အခြေခံ၍ သင်ကြားလေသည်။ ဤလေးမျိုး အနက် 'သုတ်'ဟူသည်မှာ ကဗျာဖွဲ့စပ်နည်းတွင် အခံအအုပ် ပုဒ်ပါဋ္ဌအရေအတွက်သဘော ကို သင်္ကေတနည်းဖြင့် ညွှန်ပြသောနည်းဖြစ်သည်။ 'ဝုတ္တိ'ဟူသည်မှာ အဆိုပါ အခံအအုပ် ပုဒ်ပိုဒ်တို့ကို မည်သို့မည်ပုံချ၍ အသံကာရန်ယူပုံတို့ကို ညွှန်ပြခြင်းတည်း။ 'ဗျုပ္ပတ္တိ'ဟူရာ၌ ကဗျာတစ်ခု၏ အရင်းအမြစ် စတင်ဖြစ်ပေါ်လာပုံသမိုင်းကို တင်ပြခြင်းတည်း။ 'ဥဒါဟရဏ်' ဟူသည်ကား ကဗျာတစ်ခုခုကို ပုံစံတင်ပြ၍ ဖွဲ့ပုံဖွဲ့နည်းကို ယင်းပုံစံအရ ကွက်ကွက် ကွင်းကွင်း ပေါ်လာအောင် ညွှန်ပြခြင်းပင် ဖြစ်လေသည်။

ဆရာတော် အထူး သတိချပ်စေရန် စာသင်သားတို့အား ညွှန်ကြားသည့် စကား ရပ်တစ်ခုမှာ အလွန်လေးနက်လှလေသည်။ "စာသင်သားတို့သည် 'ကဝိဥပဇ္ဈာယ်ဖြစ် သော'ဆရာအပေါင်းတို့အား မမေ့စကောင်းပေ"ဟု မှာကြားတော်မူသည်။ 'ကဝိဥပဇ္ဈာယ်' ဟူသည်မှာ တောတောင်ရေမြေ မိုးလေဥတုရာသီတိမ်နီတိမ်ဝါ စသော များစွာသော သက်ရှိ သက်မဲ့တို့ပင်တည်းဟု မိန့်ကြားတော်မူ၏။ စိမ်းလန်းစိုပြည်သောတောအုပ် ဂနိုင် စိမ့်မြိုင် ရဂုံ၊ ပန်းချုံပန်းနွယ် အဆန်းတကြယ်တို့ကို တွေ့မြင်ရလျှင် ကဗျာဆရာတို့အား တောအုပ် ၏နေပုံ၊ သစ်ပင်နေပုံ၊ ပန်းအများ ဖူးပွင့်ပုံ၊ အကိုင်း၊ အခက်တို့ တည်ရှိပုံ စသော အရာမက သော ပညာတို့ကို တိုးပွားနိုင်ကြသည်သာ ဟူ၍ သင်ကြား၏။ ထို့ကြောင့် တောတောင် ရေမြေ စသော အရာဝတ္ထုမှန်သမျှတို့သည် 'ကဝိဥပဇ္ဈာယ်' မည်ကုန်၏။ ထိုထိုသော ဥပဇ္ဈာယ်တို့ မရှိပါက အဘယ်နည်းဖြင့် တောတောင်တို့၏ သာယာပုံကို ဖွဲ့ဆိုနိုင်ပါအံ့
mgyoe.com

mgyoe.com
နည်း ဟူသတည်း။

ဆရာတော်ညွှန်ပြသည့် ကဗျာ့ ညွှန်ကြားချက်များတွင် ကဗျာဆရာဖြစ်ခါစ စာသင်သားတို့သည် ဟိုဟိုသည်သည် စပ်ချင်ဖွဲ့ချင် ရှိတတ်ကြကုန်၏။ ထို့ကြောင့် ကဗျာဆရာပေါက်စတို့သည် 'ဆန်း'နည်း၊ 'အလင်္ကာ'နည်းတို့ကို လုံး၀ ဂရုမပြုကြရ၊ အသုံးအနှုန်း စကားလုံးရန်နှင့် ကာရန်ကျန မှန်ကန်ရုံသာ လွန်စွာ ဂရုစိုက်ကြရမည်၊ အဘယ့်ကြောင့်ဆိုသော် ကဗျာကိုလိုက်စားခါစ၌ အလွန်ခက်ခဲနက်နဲသော 'ဆန်းဂိုဏ်း အလင်္ကာ'တို့ကို ခြေမနိုင် လက်မနိုင် လိုက်စားပြီး ဆန်းကျအောင်၊ ဂိုဏ်းလွတ်အောင် စသည်ဖြင့် စိစစ်နေကြရခြင်းဖြင့် စိတ်ပျက်လက်ပျက် အချိန်ကုန်လူပန်းပြီး သောင်မတင် ရေမကျ ဖြစ်တတ်သည်ကို သတိပြုကြရမည်ဟုလည်း မှာကြားထားပေ၏။ ကဗျာတစ်ခု သည် အလိုအလျောက်ပင် အပြစ်အနာအဆာအပေါင်းတို့မှ ကင်းလွတ်လျက် ဆွတ်ဆွတ် ဖြူစင်သောအားဖြင့် အလင်္ကာကျမ်းအဆိုဖြစ်သော 'ပသာဒ' ဂုဏ်မြောက်မည်ဆိုလျှင် ကဗျာကောင်းတစ်ခုပင် မည်၏ ဟူ၍ မိန့်ကြားခဲ့ဖူးလေသည်။

ဆရာတော်သည် ကဗျာသင်တန်းကို ပို့ချခဲ့စဉ်အခါက အလွန်ထူးကဲသော ညွှန် ကြားချက်တစ်ခုကိုလည်း ချမှတ်ပေးသေးသည်။ ဆရာတော်၏ မျက်လုံးသည် အမြင် ကျယ်လှစွာ၏။ ကဗျာသင်တန်းကို တက်ကြကုန်သော ရဟန်းရှင်လူ ကျောင်းသူ ကျောင်း သား ဆရာ ဆရာမများသည် ကဗျာကို တတ်မြောက်သည်ရှိသော် သူတို့ ဘာလုပ်ကြမည် နည်း၊ ကဗျာတတ်လျှင် လက်တည့်စမ်းချင်သူများမည်၊ ကဗျာအတတ်နှင့် ဟိုရမ်းသည်ရမ်း လက်တည့်စမ်းကြလျှင် 'ချစ်ဒုက္ခ၊ ချစ်ဝေဒနာ' စွဲကပ်သူများလည်း ပါချင်ပါလာမည်၊ ထို့ကြောင့် ကဗျာလင်္ကာဖြင့် အချစ်ဘွဲ့၊ အလွမ်းဘွဲ့၊ တဏှာပေမနှင့်ဆိုင်သော ကဗျာမျိုး မြောက်မြားစွာလည်း ပေါ်ထွက်လာနိုင်ရာသည်၊ ထို့ကြောင့် စာသင်သားတို့သည် ကောင်းစွာတတ်မြောက်ပြီးသောအခါ၌ ကဗျာပညာကို မိမိနှင့်သူတစ်ပါး နစ်ယောက်သား တို့၏ စီးပွားကျေးဇူး မပွံ့မပျူးဖွယ်ရာဖြစ်သော မယ်ဘွဲ့ မောင်ဘွဲ့ စသော အပြစ်မကင်း သည့်အဖွဲ့အနွဲ့တို့ကို မရေးသားမစီကုံးမူ၍ သူတော်ကောင်းတို့၏ ကောင်းမြတ်သော တရားတည်းဟူသော ကြောင်းကွင်းကိုသာ ရေးသားစီကုံးကြလေကုန်ဟူ၍ ဆိုဆုံးမသတည်း။

ကဗျာဖွဲ့ဆိုရာ၌ ကဗျာ၏အဓိပ္ပာယ် ဖြောင့်ဖြောင့်မတ်မတ် ရမှုအတွက် မိမိကိုယ် တိုင် ထိုအခြေသို့ရောက်အောင် ထပ်တလဲလဲ အဖန်ဖန်ရေးသား အားထုတ်ကြရ၏၊ ပထမ အကြိမ် ရေးသား၍ ဆုံးခန်းတိုင်ပြီးမြောက်သော ကဗျာကိုလည်း စိတ်မချသေးမူ၍ မူလ ရေးရင်းထက် အဓိပ္ပာယ်အသွားအလာ ဖြောင့်မှန်ကောင်းမွန်ရလေအောင် တွေးတောခြင်း၊ အသစ်ထပ်တလဲလဲ ရေးသားခြင်းတို့ဖြင့် ပွတ်တိုက်ရာ၏၊ သို့မှသာလျှင် အကြိမ်ကြိမ်
mgyoe.com

mgyoe.com
ပွတ်တိုက်သော ခရုသင်းကဲ့သို့ ဖြူဆွတ်ရန် ရှိပေသည်ဟုလည်း မှာကြားတော်မူ၏။

ကဗျာဟူသည် စကားအဆင်တန်ဆာ ကောင်းဖို့လို၏။ အဆင်တန်ဆာ ကောင်းလေလေ အဓိပ္ပာယ် ထိမိပြီး စိတ်ကို နှိုးဆွလေလေ ဖြစ်၏။ ထို့ကြောင့် ဥပမာ၊ ဥပမာဓောတက၊ ရူပကအလင်္ကာ စသည်တို့နှင့် အလိုက်သင့်ဆင်အပ်၏ဟု မိန့်ကြားတော်မူ၏။

ဆရာတော်သည် ကဗျာကို အဆင်တန်ဆာ တပ်ဆင်ရာ၌ အဖိုးတန် အမျိုးမှန်သောအဆင်ဖြင့် ပြေပြစ် ရှုမောအောင် ဆင်ရာ၏ ဟူသော မိန့်ကြားချက်ကို သာဓကတင်ပြလိုသောကြောင့် ဆရာတော်ပြုစုခဲ့သည့် ကဝိဘာရတီကျမ်းအဖွင့်ကို အောက်ပါအတိုင်း ရေးသားတင်ပြခဲ့၏။

"ယတောကဝိ ဘာရတိ ဓမ္မိကာဝလိ၊
နာနာဝိဓိ နယာသိ ကဝိသေနာနိ။
ဒိသွာ ယာတိ ဇဋ္ဌာရိ ဂီတိဒေသသ္မိ၊
သုကဏ္ဍေဟိ ကဿာမိ ကဝိဘာရတိ"

ယတော၊ ကောင်းစွာပြုပြင် စီရင်ရေးသားအပ်သော အကြင်အကြောင်းကြောင့်။ ကဝိဘာရတိ ဓမ္မိကာဝလိ၊ ကဝိဘာရတီကျမ်းစာတည်းဟူသော ချပ်မိန်ညီအစဉ်ကို ဆင်ယင်ဝတ်စားအပ်ပြီးသော။ နာနာဝိဓိ နယာသိ ကဝိသေနာနိ၊ ကဝိဘာရတီကျမ်းစာ၌ ပါရှိသော အထူးထူးသော အစီအရင် ပုံပြင်ဥပမာ သေခွေသိပ်သည်း နိဿရည်းတည်းဟူသော သန်လျက်ဓားကို တအားနွဲ့ကိုင် ကြွဲခိုင်လှစွာ ကဗျာဆရာတည်းဟူသော စစ်ဗိုလ်ချုပ်ကြီးကို။ ဒိသွာ၊ ရတ်ခနဲပင် တွေ့မြင်လိုက်ကြရသည်ရှိသော်။ ဂီတိဒေသသ္မိ၊ မြန်မာဘာသာ ကဗျာလင်္ကာအပေါင်းတည်းဟူသော စစ်တလင်းကြီး၌ ဂုဏ်မာန်အန္တု အစွမ်းပြုလျက် ခုခံမည့်အခြေ တည်နေရင်း ရှိကြပေသော။ ဇဋ္ဌာရိ၊ ကျယ်ဝန်းနဲနက် အလွန်ခက်သား စစ်လက်နှင့်တူ ရန်သူတော်တည်းဟူသော အရှုပ်အထွေးအပေါင်းသည်။ ယာတိ၊ ကြောက်ရွံ့ကြောက်ရွံ့ နောက်ကိုတွန့်၍ အညွန့်တုံးကာ ထွက်ပြေးရရှာလေ၏။ တတော၊ ခက်ခဲရှုပ်ပွေ ရန်သူတွေကို ကြိတ်ချေမျိုဝါး အကုန်စားသည့် စွမ်းပကားဂုဏ် ပြည့်စုံလုံလောက်သော ထိုအကြောင်းကြောင့်။ သုကဏ္ဍေဟိ၊ တစ်ခုစီတစ်ခုစီ အညီအညာ ခွဲဝေကာလျှင် ကောင်းစွာတင့်ဆန်း အပိုင်းအခန်းတို့ဖြင့်။ ကဝိဘာရတိ၊ ပညာရှိများ မိန့်စကားနှင့် ရေးသားချက်ကို ဖော်ပြဆိုသည့် ဂုဏ်မိုကဲအိ 'ကဝိဘာရတီ' အမည်ရှိသော ကျမ်းကို။ ကဿာမိ၊ ရေးသားပြုပြင် စီရင်အားထုတ်ပေအံ့သတည်း။ ။
mgyoe.com

mgyoe.com

# လယ်တီပဏ္ဍိတနှင့် ပုပ္ပားဦးကျော်ရင်

မောင်ကြည်ရှင်

မြန်မာမဂ္ဂဇင်းသမိုင်းတွင် 'ဒဂုန်မဂ္ဂဇင်း အယ်ဒီတာချုပ်ကြီး ပုပ္ပားဦးကျော်ရင်' ဟူသော အမည်ကို မေ့ပျောက်၍ မရနိုင်ချေ။ ကျော်စောကိတ္တိ ကြီးသောအမည်ပင် ဖြစ်၏။ ဒဂုန်မဂ္ဂဇင်းခေါင်းကြီးပိုင်းတွင် ပုပ္ပားဦးကျော်ရင်၏ ခန့်ညားသောပုံကြီးကို ပုံတူရေးဆွဲ ဖော်ပြထားသည်။ ခေါင်းပေါင်းနှင့် ရင်ဖုံးအင်္ကျီနှင့်ဖြစ်သည်။

စင်စစ် ပုပ္ပားဦးကျော်ရင်ကား လူပုဂ္ဂိုလ်မဟုတ်၊ 'ပထမကျော် ဆရာတော် လယ်တီ ဦးကောဝိဒ' မည်သော ရဟန်းပုဂ္ဂိုလ်ဖြစ်၏။

ပုပ္ပားဦးကျော်ရင်အမည်ဖြင့် စီရင်ရေးသားသော ကဗျာ့မျက်လုံး ဗျာကရဏ်းခေါ် ကဝိဘာရတီကျမ်းကား ကဗျာလိုက်စားလိုသူများအတွက် အကောင်းဆုံးသောကဗျာကျမ်း ဖြစ်လေသည်။

ဆရာသည် စင်စစ် လုံလောက်အောင်မြင်သော စာရေးဆရာကြီး၊ ကဗျာဆရာကြီး ပင်ဖြစ်၏။ စာချဘုန်းကြီး 'ဦးကောဝိဒ' အဖြစ်ထက် စာရေးဆရာကြီးတစ်ဦးအဖြစ် ပို၍ မြတ်နိုးဖွယ်ကောင်းသည်။ 'ဒဂုန်မဂ္ဂဇင်း အယ်ဒီတာချုပ် ပုပ္ပားဦးကျော်ရင်' အဖြစ်ထက် ကဗျာဆရာကြီးတစ်ဦးအဖြစ် ပို၍ ရိုသေကိုင်းရှိုင်းဖွယ်ကောင်းသည်။

ဆရာကား ၁၂၆၉ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့တွင် ဖွားမြင်၍ ၁၃၀၈ ခု၊ ကဆုန်လဆန်း ၆ ရက်နေ့တွင် အနိစ္စရောက်လေရာ ဂုဏ်သတင်း ကျော်စောထင်ရှားသည်နှင့်မမျှ အသက်တိုလှလေသည်။ ဆရာ အနိစ္စရောက်ချိန်တွင် ၃၈ နှစ် ၅ လ၊ ၁ ရက်သာရှိလေသေး၏။ ယခုနှယ် ဆရာရှိပါလျှင် ၆၄ နှစ်ရှိပေမည်။ ဥပစ္ဆေဒကံ အကျိုးမပေးခဲ့သော ၆၄ နှစ်ဟူသော အရွယ်သည် နေ၍ကောင်းဆဲပင်ရှိမည်။ အလွန်

mgyoe.com